ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်၊ သောကြာနေ့၊ (10-9-2004) (၄၃၅၂)

**တပေါ စ
တော် မင်္ဂလ မုတ္တမံ။**

ဖြိုးခြံစွာ ကျင့်သုံးနေထိုင်ခြင်းသည် မြတ်သော မင်္ဂလာမည်၏။

နေ့စဉ်ထုတ်သတင်းစာများကို နေ့ချင်းဖတ်ရှုနိုင်ရေး

နေ့စဉ်ထုတ်သတင်းစာများကိုပြည်သူများ ရက်မခြား နေ့ချင်းဖတ်ရှုနိုင်ရေးအတွက် မန္တလေးမြို့အပြင် ကလေး၊ မြစ်ကြီးနား၊ လားရှိုး၊ တောင်ကြီး၊ ကျိုင်းတုံ၊မကွေးနှင့် စစ်တွေမြို့တို့၌ ကိုယ်ပွားသတင်းစာတိုက်များဖွင့်လှစ်ပြီး သတင်းစာများကို ရိုက်နှိပ်ထုတ်ဝေပေးလျက်ရှိသည်။ ထို့အပြင် တနင်္သာရီတိုင်း မြိတ်မြို့၌လည်း ကိုယ်ပွားသတင်းစာတိုက်တစ်ခုကို မကြာမီ ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်သည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အစိုးရပုံနှိပ်စက်ရုံ(မန္တလေး) တည်ဆောက်ရေးလုပ်ငန်းစစ်ဆေး
ကျောင်းသုံးဖတ်စာအုပ်များအပြင် နိုင်ငံတော်အဖွဲ့အစည်းများ၏ ပုံနှိပ်လုပ်ငန်းများ ဆောင်ရွက်သွားမည်
နောင်တွင်တစ်နိုင်ငံလုံးအတွက် လိုအပ်သောကျောင်းသုံးစာအုပ်များ လုံလုံလောက်လောက် ရိုက်နှိပ်ပေးနိုင်မည်

ရန်ကုန်　　စက်တင်ဘာ　　၉

မန္တလေးတိုင်း မန္တလေးမြို့၌ရောက်ရှိနေသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် စက်တင်ဘာ ၇ ရက် မွန်းလွဲပိုင်းတွင် ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ်ရပ်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၏ အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံ(မန္တလေး) တည်ဆောက်ရေး လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ကြိုဆို

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✧

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံ(မန္တလေး) လေးယူနစ် ပတ်လည်ပုံနှိပ်စက် တပ်ဆင်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားစဉ်။

(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၀-၉-၂၀၀၄
(သောကြာနေ့)

နိုင်ငံသူ၊ နိုင်ငံသားအားလုံး စာတတ်မြောက်ရေး အမျိုးသားရေးစိတ်ဓာတ်ဖြင့် ဆက်လက်ကြိုးပမ်း

မျက်မှောက်ကာလတွင် သိပ္ပံနှင့်နည်းပညာရပ်များ အံ့မခန်းတိုးတက်ပြောင်းလဲလျက်ရှိရာ နိုင်ငံတိုင်းက ပညာတတ် နိုင်ငံသားများ မွေးထုတ်နိုင်ရေး၊ နိုင်ငံသူ၊ နိုင်ငံသားများ ပညာရည်မြင့်မားရေး၊ စာတတ်မြောက်ရေး အစီအမံများကို အလေးထား ကြိုးပမ်းလျက်ရှိသည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက စက်တင်ဘာလ ၈ ရက်နေ့ကို နိုင်ငံတကာစာတတ်မြောက်ရေးနေ့အဖြစ် ၁၉၆၇ ခုနှစ်ကစ၍ သတ်မှတ်ခဲ့ရာ မြန်မာနိုင်ငံအနေဖြင့် အခြားသော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနည်းတူ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားများကို နှစ်စဉ်နှစ်တိုင်း တက်တက်ကြွကြွ ကျင်းပလျက်ရှိသည်။

၂၀၀၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂစာတတ်မြောက်ရေး ဆယ်စုနှစ်အထိမ်းအမှတ် အခမ်းအနားကို စက်တင်ဘာလ ၈ ရက်နေ့က ရန်ကုန်မြို့ ပြည်လမ်းရှိ စိန်ရတုခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တက်ရောက်၍ မိန့်ခွန်းပြောကြားရာ၌ **ရရှိဖြစ်ထွန်းနေပြီဖြစ်သည့် အောင်မြင်မှုအကျိုးရလဒ်ကောင်းများအပေါ်၌ တစ်မျိုးသားလုံး၏ တက်ကြွသော ပါဝင်ကြိုးပမ်း အားထုတ်မှုစွမ်းအားများပေါင်းစပ်ပြီး မြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံး စာတတ်မြောက်လာစေရအောင် စဉ်ဆက်မပြတ် လေ့လာသင်ယူနေသော မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကြီး ပေါ်ထွန်းလာသည်အထိ စာတတ်မြောက်ရေး ကြိုးပမ်းလှုပ်ရှားမှုများကို အရှိန်အဟုန်မပျက် ဆက်လက်ပြီး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြပါဟု ပညာရေးကဏ္ဍမှ တာဝန်ရှိသူများနှင့်တကွ ပြည်သူတစ်ရပ်လုံးကို တိုက်တွန်းပန်ကြားလိုကြောင်း** ပြောကြားသွားသည်။

မြန်မာနိုင်ငံတွင် စာတတ်မြောက်ရေး လှုပ်ရှားမှုများကို ပုဂံခေတ်ကာလကပင် ကြိုးပမ်းခဲ့ကြသည်။ အထူးသဖြင့် ဘုန်းတော်ကြီးသင်ကျောင်းများကစတင်ကာ အမျိုးသား၊ အမျိုးသမီးမခွဲခြားဘဲ စာပေလေ့လာသင်ယူမှုများ၊ စာပေလေ့လာဖတ်ရှု ဗဟုသုတဖလှယ်သည့် အစဉ်အလာကောင်းများ ဖြစ်ထွန်းခဲ့ကြောင်းတွေ့ရသည်။

ယနေ့ကာလတွင် နိုင်ငံတော်အစိုးရက နိုင်ငံသူ၊ နိုင်ငံသားတိုင်း စာတတ်မြောက်စေရေးနှင့် အချိန်အခါအသက်အရွယ်နှင့် ပညာအဆင့်အတန်းမရွေး အစဉ်ထာဝရ ပညာသင်ယူလေ့လာနိုင်သည့် အခြေခံနှင့်အခွင့်အလမ်းများဖြစ်ထွန်းနေပြီး စဉ်ဆက်မပြတ် လေ့လာသင်ယူနေသည့် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကြီး ပေါ်ထွန်းလာရေးအတွက် အလေးထား ကြိုးပမ်းလျက်ရှိသည်။

လူတိုင်းလူတိုင်း စာတတ်မြောက်မှသာလျှင် အမှားအမှန်၊ အကျိုးအပြစ်ကို ဝေဖန်ပိုင်းခြားတတ်သော အတွေးအခေါ်ကောင်းများ ဖြစ်ထွန်းလာမည်ဖြစ်သည်။ သို့မှသာ သူတစ်ပါး၏ သွေးဆောင်ဖြားယောင်းမှု၊ မကောင်းသော ရည်ရွယ်ချက်ဖြင့် မကောင်းသော လမ်းကြောင်းကို တွန်းပို့တတ်သော မသမာသူ အဖျက်အမှောင့်သမားများ၏ အန္တရာယ်မှ ကာကွယ်တားဆီးနိုင်မည့် အသိပညာများ ရရှိကြမည်ဖြစ်သည်။

ယခုအခါ နိုင်ငံတော်အစိုးရက နိုင်ငံသူ၊ နိုင်ငံသားတိုင်း စာတတ်မြောက်ရေးနှင့် လူတိုင်းအတွက် ပညာရေးဆိုင်ရာလုပ်ငန်းများကို ဘက်စုံကဏ္ဍစုံက နည်းလမ်းအသွယ်သွယ်ဖြင့် စီမံဖြည့်ဆည်းပေးလျက်ရှိသကဲ့သို့ ပုဂ္ဂလိကနှင့် လူမှုရေး အသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများကလည်း စာတတ်မြောက်ရေးလှုပ်ရှားမှုများတွင် အင်တိုက်အားတိုက် ပါဝင်ကြိုးပမ်းလျက်ရှိရာ အောင်မြင်ဖြစ်ထွန်းမှု အကျိုးရလဒ်ကောင်းများ ရရှိနေပြီဖြစ်သည်။

စာတတ်မြောက်ရေးလှုပ်ရှားမှုများကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် စီမံဆောင်ရွက်ခဲ့ရာ သက်ကြီးစာတတ်မြောက်မှုနှုန်းသည် ၁၉၈၆ ခုနှစ်တွင် ၈၃ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၀၃ ခုနှစ်တွင် ၉၂ဒသမ ၂ ရာခိုင်နှုန်း၊ ၂၀၀၄ ခုနှစ်တွင် ၉၃ဒသမ ၃ ရာခိုင်နှုန်းအထိ တိုးတက်လာသည်ကို ဂုဏ်ယူဖွယ်ရာတွေ့ရသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံး စာတတ်မြောက်ရေး ကြိုးပမ်းလှုပ်ရှားမှုများတွင် ရရှိနေပြီဖြစ်သည့် အောင်မြင်မှု အကျိုးရလဒ်ကောင်းများ ပိုမိုဖြစ်ထွန်းလာရေးအတွက် ပညာရေးကဏ္ဍမှ တာဝန်ရှိသူများနှင့် ပြည်သူတစ်ရပ်လုံးက အမျိုးသားရေးစိတ်ဓာတ် အပြည့်အဝဖြင့် တက်ညီလက်ညီ ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ပြည်တွင်း/ပြည်ပ လေကြောင်းလိုင်းများနှင့် ညှိနှိုင်းဆွေးနွေး

ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ နာယက၊ ဒုတိယတပ်မတော် ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ဖွံ့ဖြိုးတိုးတက်ရေး၊ လေကြောင်းလုပ်ငန်းများ လုံခြုံရေး၊ ခရီးသွားလုပ်ငန်းများ အဆင်ပြေ ချောမွေ့စေရေးနှင့် စပ်လျဉ်းသည့် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ရန်ကုန် စက်တင်ဘာ ၉

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ဖွံ့ဖြိုးတိုးတက်ရေး၊ လေကြောင်းလုပ်ငန်းများလုံခြုံရေး၊ ခရီးသွားလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးနှင့် စပ်လျဉ်းသည့် အစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ် နေမျိုးဗလအစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အစည်းအဝေးသို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ နာယက ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဌေးအောင်၊ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်း၊ ကော်မတီအတွင်းရေးမှူး ဗိုလ်မှူးဝင်းထွန်းဦး(လေ)၊ ပြည်တွင်း/ပြည်ပလေကြောင်းလိုင်းများမှ ကိုယ်စားလှယ်များနှင့် လေဆိပ်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကော်မတီ နာယက ဗိုလ်ချုပ်ကျော်ဝင်းက အဖွင့်အမှာစကားပြောကြားရာ၌ လေဆိပ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်ချက်များရှိနေမှုကို ကော်မတီဖွဲ့စည်း၍ ဆောင်ရွက်ခဲ့သဖြင့် တိုးတက်မှုရှိခဲ့ကြောင်း၊ သို့ရာတွင် ကျန်ရှိနေသည့် လိုအပ်ချက်များကို လေကြောင်းလိုင်းများနှင့် ဌာနဆိုင်ရာများမှ တင်ပြနိုင်ရန်အတွက် လည်းကောင်း၊ ကမ္ဘာလှည့်ခရီးသည်များ တိုးတက်များပြားစွာ ဝင်ရောက်လာသည့်အခါ သွားလာရေး လွယ်ကူ ချောမွေ့စေရေးအတွက် သက်ဆိုင်ရာ လေဆိပ်အသီးသီး၏ လိုအပ်ချက်များကို တင်ပြနိုင်ရန်အတွက်လည်းကောင်း ယခုအစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း၊ လိုအပ်ချက်များ တင်ပြလာမှုအပေါ် ချက်ချင်းဆောင် ရွက်ပေးနိုင်သည်များကို ချက်ချင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အကြီးအကဲများထံ တင်ပြဆောင်ရွက်ရန် လိုအပ်သည်များကို အမြန်ဆုံး ဆက်လက်တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူက ယခုနှစ်တွင် ယခင်နှစ်ကထက် ကမ္ဘာလှည့်ခရီးသည်များ တိုးတက် ဝင်ရောက်လျက်ရှိကြောင်း၊ လေဆိပ်များတွင် ခရီးသည်များနှင့် ပတ်သက်သည့် လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ဆောင်ရွက်မှုသည် ကမ္ဘာလှည့်ခရီးသည်များ ပိုမိုတိုးတက် ဝင်ရောက်လာရေးနှင့် အတိုင်းအတာတစ်ခုအထိ သက်ဆိုင်မှုရှိနေကြောင်း၊ ကော်မတီ၏ ညွှန်ကြားချက်များနှင့်အညီ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ကော်မတီအတွင်းရေးမှူး ဗိုလ်မှူးဝင်းထွန်းဦး(လေ)က လေဆိပ်လုပ်ငန်းများ ပိုမိုတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိနေသည့်အခြေအနေများအား ရှင်းလင်းတင်ပြပြီး လေဆိပ်တာဝန်ရှိသူများ၊ လေကြောင်းလိုင်း ကိုယ်စားလှယ်များကလည်း လိုအပ်ချက်များကို ရှင်းလင်းဆွေးနွေး တင်ပြကြသည်။

ထို့နောက် ကော်မတီ နာယက ဗိုလ်ချုပ်ကျော်ဝင်းက နိဂုံးချုပ်အမှာစကားပြောကြားပြီး ညနေ ၃နာရီတွင် အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အခြေခံတိုင်းရင်းဆေးပညာ ရက်တိုသင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၉

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ အခြေခံတိုင်းရင်းဆေးပညာ ရက်တိုသင်တန်း အမှတ်စဉ်(၄/၂၀၀၄) ဆင်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန စုစည်းခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ကိုယ်စား ရဲတပ်ရင်းများ ကွပ်ကဲရေးမှူး ရဲမှူးချုပ်သန်းဟန် တက်ရောက်၍ အမှာစကားပြောကြားသည်။

ယင်းသင်တန်းသို့ သင်တန်းသား ၆၀ဦး တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

မြန်မာကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၉

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် စက်တင်ဘာ ၉ရက်မှ ၁၁ရက်အထိ ကျင်းပမည့် မဟာမဲခေါင်ဒေသခွဲနိုင်ငံများ၏ အစိုးရနှင့် ပုဂ္ဂလိကအဆင့်မြင့် ကိုယ်စားလှယ်များ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ရန် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ဗန်ကောက်မြို့သို့ ထွက်ခွာသွားသည်။ **(အပေါ်ပုံ)**

မြန်မာကိုယ်စားလှယ်အဖွဲ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနတို့မှ အဆင့်မြင့်အရာရှိကြီး ၁၁ ဦးတို့အပြင် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင် ဦးဆောင်သော ပုဂ္ဂလိကကဏ္ဍမှ စီးပွားရေးလုပ်ငန်းရှင် ၁၅ဦးတို့လည်း လိုက်ပါသွားကြသည်။ (သတင်းစဉ်)

တရုတ်နိုင်ငံ၏ ဈေးကွက်စီးပွားရေးအခြေအနေကို အာဆီယံနိုင်ငံများ အသိအမှတ်ပြုလက်ခံ

ပေကျင်း စက်တင်ဘာ ၈

အာဆီယံအဖွဲ့သည် တရုတ်နိုင်ငံဈေးကွက်ကို ဈေးကွက်စီးပွားရေးကျင့်သုံးသောနိုင်ငံအဖြစ် အသိအမှတ်ပြု လက်ခံခဲ့ကြသည်။ ထို့အပြင် တရုတ်ဈေးကွက်ကို အိန္ဒိယနှင့် အမေရိကန်ဈေးကွက်တို့နှင့်ပါ တစ်တန်းတည်းအဖြစ် လက်ခံလိုက်ကြကြောင်းသိရသည်။

ဆုံးဖြတ်

အာဆီယံ စီးပွားရေးဝန်ကြီးများအဖွဲ့နှင့် တရုတ်နိုင်ငံ ကုန်သွယ်ရေးဝန်ကြီး ဘိုစီလိုင်တို့ တွေ့ဆုံပွဲအပြီးတွင် အာဆီယံနိုင်ငံများက အထက်ပါအတိုင်း ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်သည်ဟု ချိုင်းနားဒေးလီးသတင်းစာက ဖော်ပြခဲ့သည်။

အတည်ပြု

အာဆီယံ ၁၀ နိုင်ငံမှ တစ်နိုင်ငံချင်းသည် တရုတ်ဈေးကွက်ဆိုင်ရာ၏ အဆင့်အတန်းကို လက်ခံအတည်ပြုခဲ့ကြခြင်းဖြစ်ကြောင်း အင်ဒိုနီးရှား နိုင်ငံ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီး ရီနီဆိုဝန်ဒီက ပြောကြားသည်။

တရုတ်အရာရှိများသည် အိန္ဒိယနိုင်ငံနှင့်လည်း တွေ့ဆုံဆွေးနွေးကြပြီး တရုတ်ဈေးကွက် အဆင့်အတန်းကို လက်ခံအသိအမှတ်ပြုရန် ညှိနှိုင်းခဲ့ကြကြောင်း သိရသည်။ အာဆီယံလေးနိုင်ငံဖြစ်သော စင်ကာပူ၊ မလေးရှား၊ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံတို့သည် ယခုနှစ်စောစောပိုင်း ကတည်းက တရုတ်ဈေးကွက် အဆင့်အတန်းကို အသိအမှတ်ပြုခဲ့ကြပြီးဖြစ်သည်။

ယခုလက်ရှိ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှာ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ စင်ကာပူ၊ ထိုင်း၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ်နိုင်ငံများ ဖြစ်ကြသည်။

အလားအလာရှိ

တရုတ်နိုင်ငံသည် အာဆီယံနိုင်ငံများနှင့် ကုန်သွယ်ရေးတိုးချဲ့လာစေရန် ကြိုးပမ်းသွားမည်။ အာဆီယံသည် တရုတ်နိုင်ငံအတွက် အရေးကြီးဆုံးသော ကုန်သွယ်ဖက်ဖြစ်သည့်အပြင် အနာဂတ်၌လည်း စီးပွားရေးပူးပေါင်း ဆောင်ရွက်ရန် အလားအလာရှိနေသည်ဟု တရုတ်ဝန်ကြီးဘိုကပြောကြားသည်။

မြင့်မားလာစရာရှိ

လတ်တလော အခြေအနေတွင် တရုတ်– အာဆီယံကုန်သွယ်ရေးသည် တရုတ်နိုင်ငံ ပြည်ပကုန်သွယ်ရေးပမာဏစုစုပေါင်း၏ ၁၁ ရာခိုင်နှုန်းရှိသည်။ ထိုအချိုးအစားသည် လာမည့်နှစ်များတွင် နှစ်ဆအထိ မြင့်မားလာစရာရှိသည်ဟု ခန့်မှန်းကြောင်း တရုတ်ကုန်သွယ်ရေးဝန်ကြီးက ဆိုသည်။ အာဆီယံနိုင်ငံများမှ တရုတ်နိုင်ငံသို့ ပို့ကုန်ပမာဏမှာ အမေရိကန်ဒေါ်လာသန်းပေါင်း ၄၇၃၀၀ ရှိပြီး အာဆီယံနိုင်ငံများသို့ တရုတ်နိုင်ငံမှ ပြန်လည်သွင်းယူသော သွင်းကုန်ပမာဏ စုစုပေါင်းမှာ အမေရိကန်ဒေါ်လာသန်း ၃၀၉၀၀ ရှိကြောင်း သိရသည်။ ထိုအချက်က ၂၀၀၂ ခုနှစ်ကထက် ၂၀၀၃ ခုနှစ်တွင်ပို့ကုန်ပိုင်းတွင် ၅၁ ဒသမ ၇ ရာခိုင်နှုန်းနှင့် သွင်းကုန်ပိုင်းတွင် ၃၁ ဒသမ ၂ ရာခိုင်နှုန်း အသီးသီး ပိုမိုတိုးတက်လာသည်ကို ဖော်ပြလျက်ရှိသည်။

ပိုမိုလာ

ယခု ၂၀၀၄ ခုနှစ် ပထမခုနစ်လအတွင်း၌လည်း အာဆီယံမှ တရုတ်သို့ ပို့ကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာသန်းပေါင်း ၃၄၅၀၀ ရှိပြီး တရုတ်မှ သွင်းကုန်တန်ဖိုး စုစုပေါင်းမှာ အမေရိကန်ဒေါ်လာသန်းပေါင်း ၂၂၂၀၀ ရှိသည်။ ထိုကိန်းဂဏန်းများက ၂၀၀၃ ခုနှစ် အလားတူကာလကထက် ပို့ကုန်တွင် ၄၀ ဒသမ ၇ ရာခိုင်နှုန်းနှင့် သွင်းကုန်တွင် ၃၄ ဒသမ ၁ရာခိုင်နှုန်း အသီးသီး ပိုမိုလာသည်ကို ဖော်ပြလျက်ရှိကြောင်း သိရသည်။

အမ်အင်အေ၊ပီတီအိုင်

အာဆီယံလေကြောင်းပို့ဆောင်ရေး အစည်းအဝေး ဗီယက်နမ်၌ ကျင်းပ

ဟနွိုင်း စက်တင်ဘာ ၈

ဗီယက်နမ်နိုင်ငံတွင် ကျင်းပနေသည့် ဒသမအကြိမ်မြောက် အာဆီယံလေကြောင်းပို့ဆောင်ရေးအုပ်စု လုပ်ငန်းအစည်းအဝေး (အေတီဒဗလျူဂျီ)တွင် လေကြောင်းပို့ဆောင်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများ လွတ်လပ်စွာ ဆောင်ရွက်ရေးနှင့် အာဆီယံလေကြောင်း ပျံသန်းမှုလုပ်ငန်းဆောင်ရွက်ရေး အစီအစဉ်ကို အလေးထားသုံးသပ်ကြသည်။

ယင်းလုပ်ငန်း ဆောင်ရွက်ရေး အစီအစဉ်အရ အရှေ့တောင်အာရှနိုင်ငံများ အသင်းဝင်နိုင်ငံများအတွင်း လေကြောင်း ပျံသန်းရေးဈေးကွက် ၂၀၁၅ခုနှစ်အတွင်း ထူထောင်မည်ဖြစ်ပြီး အာဆီယံဒေသတွင်း လေကြောင်းကုန်စည် ပို့ဆောင်ရေးလုပ်ငန်းကို ၂၀၀၆ ခုနှစ်အတွင်း လွတ်လပ်စွာဆောင်ရွက်နိုင်ဖွယ်ရှိကြောင်း ဒေသခံပို့ဆောင်ရေးသတင်းစာက အင်္ဂါနေ့က ရေးသားသည်။

တိုက်တွန်း

လေကြောင်းပို့ဆောင်ရေးလုပ်ငန်း လွတ်လပ်စွာ ဖော်ဆောင်ရာတွင် ချောမွေ့နိုင်စေရေးအတွက် အာဆီယံနိုင်ငံများအနေဖြင့် ဒေသအတွင်း လေကြောင်းပျံသန်းမှု ပူးပေါင်းဆောင်ရွက်ရေး ထူထောင်ရာတွင် ပါဝင်ရန်၊ ဖွံ့ဖြိုးမှု အနည်းဆုံးသော အဖွဲ့ဝင်နိုင်ငံများအတွက် ဦးစားပေးဆောင်ရွက်ရန်နှင့် လေဆိပ်သစ်များဆောက်လုပ်ရာတွင် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရန် တိုက်တွန်းထားသည်။

ဆွေးနွေး

လေးရက်ကြာကျင်းပသည့် အဆိုပါအစည်းအဝေးတွင် အာဆီယံနိုင်ငံများမှ လေကြောင်းဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များသည် သတင်းဖလှယ်ရေး၊ ညီလာခံကျင်းပရေး၊ ညှိနှိုင်းရေးအစည်းအဝေးများ ကျင်းပရေးနှင့် လေ့ကျင့်သင်တန်းပေးရေး စသည်တို့ပါဝင်သည့် နည်းပညာဆိုင်ရာ အကူအညီကိစ္စများကို ဆွေးနွေးကြမည် ဖြစ်သည်။

လက်မှတ်ရေးထိုး

အာဆီယံ အသင်းဝင်နိုင်ငံများအတွင်း လေကြောင်းပို့ဆောင်ရေး လွတ်လပ်စွာ ဆောင်ရွက်နိုင်ရေးဆိုင်ရာ မူဝါဒ ဖော်ဆောင်ရေး၊ ပြင်ဆင်ရေး ဘက်စုံသဘောတူညီချက်များကို လက်မှတ်ရေးထိုးကြသည်။ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့က လေကြောင်းပို့ဆောင်ရေးဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို လွန်ခဲ့သည့် ဒီဇင်ဘာလက လက်မှတ်ရေးထိုးခဲ့ကြသည်။ ဘရူနိုင်း၊ စင်ကာပူနှင့်ထိုင်းနိုင်ငံတို့ကလေကြောင်းမှ ကုန်စည်ပို့ဆောင်ရေး လွတ်လပ်စွာ ဆောင်ရွက်နိုင်ရေးနှင့် ပတ်သက်၍ ယခုနှစ် ဖေဖော်ဝါရီလအတွင်းက သဘောတူညီမှု ရရှိခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

စက်တင်ဘာ ၂ ရက်က အာရှ–ပစိဖိတ်စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုအဖွဲ့(အေပက်)၏ ဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေး မတိုင်မီ ဂျပန်ဘဏ္ဍာရေး ဝန်ကြီး တာနီဂါကီ(ဝဲ)နှင့်မလေးရှား ဒုတိယဘဏ္ဍာရေးဝန်ကြီး(ယာ) တို့ ဆွေးနွေး နေစဉ်။

(ဓာတ်ပုံ–အင်တာနက်)

သမိုင်းကဏ္ဍသစ် ဖွင့်လှစ်ရန် အိန္ဒိယနှင့်ပါကစ္စတန်လိုအပ်ဟု ပြောကြား

နယူးဒေလီ စက်တင်ဘာ ၇

အိန္ဒိယနှင့်ပါကစ္စတန် နှစ်နိုင်ငံတို့သည် ဆွေးနွေးပွဲလုပ်ငန်းစဉ်ဆက်လက်ကျင်းပနိုင်ရန် တာဝန်ယူထားပြီးဖြစ်ကြောင်း၊ နှစ်နိုင်ငံစလုံးအနေဖြင့် သမိုင်း၏ ဝန်ထုပ်ဝန်ပိုးအားဖယ်ရှားပြီး သမိုင်းကဏ္ဍသစ်ရေးသားဖွင့်လှစ်ရန် လိုအပ်နေပြီဖြစ်ကြောင်း အိန္ဒိယဝန်ကြီးချုပ်မန်မိုဟန်ဆင်းက တနင်္လာနေ့ကပြောကြားလိုက်သည်။

ပါကစ္စတန်နယ်မြေအား အကြမ်းဖက်သမားများအား အသုံးပြုခွင့်မပေးရန် သမ္မတမူရှာရက်ဖ် ဇန်နဝါရီ ၆ ရက်က တာဝန်ယူပြောကြားမှုအား အပြည့်အဝ ဖော်ဆောင်ရေးနှင့်စပ်လျဉ်းသည့် အရေးပါမှုကို မန်မိုဟန်ဆင်းက အလေးထားကြောင်း ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီး ကာဆူရီက မန်မိုဟန်ဆင်းထံသို့ သွားရောက်စဉ်က ပြောကြားခဲ့သည်။

နှစ်နိုင်ငံ ဆွေးနွေးပွဲ တိုးတက်မှုရှိစေရန် တာဝန်ယူထားမှုကို အိန္ဒိယဝန်ကြီးချုပ်က အတည်ပြုပြောကြားသည်။ ပြဿနာများမှာ ရှုပ်ထွေးလှကြောင်း တစ်ဆင့်ပြီးတစ်ဆင့်ဆောင်ရွက်ပါက တိုးတက်နိုင်ဖွယ်ရှိကြောင်း မန်မိုဟန်ဆင်းကကောက်ချက်ချသည်။ မိမိအစိုးရက အိန္ဒိယနှင့်ပါကစ္စတန်နိုင်ငံအတွင်း ပြည်သူအချင်းချင်း ဆက်သွယ်မှုရှိစေရေးအတွက် အားပေးမည်ဟု မန်မိုဟန်ဆင်းက ပြောကြားသည်။

အမ်အင်အေ၊ပီတီအိုင်။

ပြန်လည်ဖြည့်စွမ်းနိုင်သည့် စွမ်းအင်ကို သုံးစွဲရန် ကမ္ဘာ့စွမ်းအင်ကွန်ဖရင့် အစည်းအဝေးတွင် တိုက်တွန်း

ဆစ်ဒနီ စက်တင်ဘာ ၇

ကမ္ဘာ့စွမ်းအင် ကွန်ဖရင့်အစည်းအဝေးကို ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့တွင် စက်တင်ဘာ ၅ ရက်မှစ၍ ကျင်းပလျက်ရှိသည်။ ထိုအစည်းအဝေးက ပြန်လည်ဖြည့်စွမ်းနိုင်သည့် စွမ်းအင်ကို သုံးစွဲရန် ကမ္ဘာ့နိုင်ငံများကို နှိုးဆော်တိုက်တွန်းထားသည်။

ကမ္ဘာ့စွမ်းအင်ကောင်စီဥက္ကဋ္ဌသည် အင်တိုနီရိုဒါလ်ရီစာရီရိုဖြစ်သည်။ ကမ္ဘာ့လူသားများသည် ယခုအခါ အရေးပါလှသည့် ပြဿနာတစ်ရပ်နှင့် ရင်ဆိုင်နေရပြီဖြစ်သည်ဟု ရီစာရီရိုကဆိုသည်။

ငါးရက်ကြာကျင်းပ

ထိုအစည်းအဝေး၏ သတ်မှတ်ထားသော ဦးတည်ချက်မှာ ပြန်လည်ဖြည့်စွမ်းနိုင်သည့် အရင်းအမြစ်များ၊ စွမ်းအင်စက်မှုလုပ်ငန်း၏ အခွင့်အလမ်းနှင့် စိန်ခေါ်မှုများ ဟူ၍ဖြစ်သည်။ ငါးရက်ကြာ ကျင်းပမည့် ထိုအစည်းအဝေးသို့ ကမ္ဘာ့ဒေသအသီးသီးမှ ကိုယ်စားလှယ်ပေါင်း ၂၀၀၀ ခန့် ပါဝင်တက်ရောက်ကြသည်။ အစည်းအဝေး တက်ရောက်သူများထဲတွင် အစိုးရကိုယ်စားလှယ်များ၊ ကမ္ဘာ့စွမ်းအင်နယ်ပယ်မှ ဦးစီးဦးဆောင်နေသူ ကိုယ်စားလှယ်များ ပါဝင်သည်ဟု သိရသည်။

ကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံများ အထူးသဖြင့် လူဦးရေ ထူထပ်သော ဖွံ့ဖြိုးဆဲနိုင်ငံများသည် စီးပွားချမ်းသာအောင် လုပ်ဆောင် အကောင်အထည်ဖော်ကြရာ၌ ပြန်လည် ဖြည့်စွမ်းနိုင်သည့် စွမ်းအင်မျိုးကို တိုးတက်လာအောင် ဆောင်ရွက်ရန် ပိုမိုလိုအပ်မည်ဖြစ်ကြောင်း ဒါလ်ရီစာရီရိုက ပြောကြားသည်။

မြင့်တက်လာ

ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းသည် ပြီးခဲ့သော နှစ်အနည်းငယ်အတွင်း တစ်ပီပါလျှင် အမေရိကန် ၁၀ ဒေါ်လာ နှုန်းရှိနေရာမှ ယခုအခါ တစ်ပီပါလျှင် ဒေါ်လာ ၅၀ နှုန်းအထိ မြင့်တက်လာခဲ့သည်။ ထိုအချက်သည် ကမ္ဘာ့လူသားများအတွက် ပြန်လည် ဖြည့်စွမ်းနိုင်သည့် စွမ်းအင် အမျိုးအစားကို ဖွံ့ဖြိုးအောင် ကြိုးဆောင်သုံးစွဲကြရန် လိုအပ်နေပြီဖြစ်ကြောင်းကို ဖော်ပြနေကြောင်း ရီစာရီရိုက အလေးပေးပြောကြားသွားသည်။

စွမ်းအင်ပြဿနာကို ကိုင်တွယ်ရာ၌ ထိုကိစ္စသည် အနာဂတ်အလုပ်သာဖြစ်သည်ဟူ၍ ဆိုင်းနေရန် မဟုတ်တော့။ အနာဂတ်အရေးကို ယခုကပင် ဖြေရှင်းရတော့မည် ဖြစ်ကြောင်း၊ ဈေးကွက်အခြေအနေများက တောင်းဆိုနေပြီဖြစ်ကြောင်း ဥက္ကဋ္ဌဒါလ်ရီစာရီရိုက သတိပေးလိုက်သည်။

ယခုကိစ္စနှင့် ပတ်သက်၍ နိုင်ငံအချင်းချင်း၊ အဖွဲ့အစည်းအချင်းချင်း အကြား အတွေ့အကြုံများ ဖလှယ်ကြရန်၊ နည်းပညာအသစ်များ ဖော်ထုတ်ကြဆကြရန်နှင့် ပြန်လည်ဖြည့်စွမ်းနိုင်သော စွမ်းအင်များတိုးတက်လာစေရန် မူဝါဒဆိုင်ရာ ချိန်ညှိမှုများ ဆောင်ရွက်သွားရန် စွမ်းအင်ကွန်ဖရင့် ဥက္ကဋ္ဌက တောင်းဆိုခဲ့သည်။

အဖြေရှာ

ကမ္ဘာ့စွမ်းအင်ကွန်ဂရက် အစည်းအဝေးသည် ကမ္ဘာ့စွမ်းအင်ကောင်စီက သုံးနှစ်တစ်ကြိမ် ဦးစီးကျင်းပသော အစည်းအဝေးတစ်ရပ်ဖြစ်သည်။ ထိုအစည်းအဝေး၌ ကမ္ဘာ့စွမ်းအင်စက်မှုလုပ်ငန်းများအတွက် အရေးတကြီးကြုံတွေ့နေသော အခက်အခဲ အကျပ်အတည်းပြဿနာများကို တင်ပြဆွေးနွေးကာ အဖြေရှာကြသည်။

လောလောဆယ် ကျင်းပနေသော စွမ်းအင်ကွန်ဖရင့် အစည်းအဝေးတွင် အကြောင်းအရာ ခေါင်းစဉ်ပေါင်း ၃၄ခုကို တင်ပြဆွေးနွေးကြမည်ဖြစ်၏။ ထိုခေါင်းစဉ်များတွင် အာရှဒေသ အဏုမြူစွမ်းအင် လုပ်ငန်းမှသည် စွမ်းအင်ဆိုင်ရာ ကိစ္စရပ်များတွင် ထားရှိကျင့်သုံးရမည့် ကျင့်ဝတ်သဘောထားများအထိ အမျိုးအမယ်စုံလင်စွာ ပါဝင်သည်ဟုဆိုသည်။

ထုတ်ပြန်

ယခုအစည်းအဝေးကြီးတွင် ကမ္ဘာ့နယ်ပယ်စုံ၊ စွမ်းအင်ကဏ္ဍမျိုးစုံ၊ အစိုးရမဟုတ်သော စွမ်းအင် အဖွဲ့အစည်းပေါင်းစုံတို့ ပါဝင်ကြကာ ထိုကိစ္စများကို သဘောတရားအဆင့်မှသည်လက်တွေ့ကျင့်သုံးရာဆီသို့ရောက်အောင် ကြိုးပမ်းအကောင် အထည်ဖော်ကြမည့် အရေးပါသော ဆွေးနွေးပွဲကြီးပင် ဖြစ်ကြောင်း ဂျယ်ရယ်ဒူဆန့်က ထုတ်ပြန် ကြေညာလိုက်သည်။ ၎င်းသည် ကမ္ဘာ့စွမ်းအင်ကောင်စီမှ အထွေထွေအတွင်းရေးမှူးချုပ်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတကာသတင်းများ

မောင်းသူမဲ့လေယာဉ်များ အီရတ်ထုတ်လုပ်ခဲ့သည့် အထောက်အထား မတွေ့ရ ကုလသမဂ္ဂ လက်နက်စစ်ဆေးရေးမှူးချုပ်၏အစီရင်ခံစာတွင် သုံးသပ်ဖော်ပြ

ကုလသမဂ္ဂ စက်တင်ဘာ ၈

ရန်သူပစ်မှတ်များအား ဓာတုနှင့်ဇီဝလက်နက် ဆေးမှုန့်များဖြင့် ပက်ဖျန်းနိုင်စွမ်းရှိသော မောင်းသူမဲ့လေယာဉ်များကို ဆက်ဒမ်ဟူစိန်အစိုးရက တီထွင်ထုတ်လုပ်ခဲ့သည့် အထောက်အထားများကို မတွေ့ရှိရဟု ကုလသမဂ္ဂ လက်နက်စစ်ဆေးရေးမှူးချုပ်က သုံးသပ်ထားကြောင်း တနင်္ဂနွေနေ့ အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အီရတ်နိုင်ငံသည် အမေရိကန်မြို့ကြီးများအား တိုက်ခိုက်ရာတွင် ယင်းကဲ့သို့သော မောင်းသူမဲ့လေယာဉ်များကို အသုံးချနိုင်သည်ဟု အမေရိကန်အစိုးရက အီရတ်စစ်ပွဲကို တိုက်ခိုက်ရန်အတွက် အကြောင်းပြ ပြောကြားခဲ့သည်။

သို့ရာတွင် အီရတ်နိုင်ငံအား အမေရိကန် ဦးဆောင်သောတပ်ဖွဲ့က ကျူးကျော် တိုက်ခိုက်သိမ်းပိုက်ခဲ့ပြီးနောက် ယင်းအကြောင်းပြချက်သည် မှန်ကန်ခြင်းမရှိဟု အမေရိကန် လက်နက်စစ်ဆေးရေးမှူးများက ပြောကြားခဲ့ကြသည်။

အီရတ်နိုင်ငံသည် ဓာတုနှင့်ဇီဝလက်နက်များဖြင့် တိုက်ခိုက်ရာတွင် အသုံးပြုနိုင်သည့် မောင်းသူမဲ့လေယာဉ်များကိုတီထွင်ခဲ့သော်လည်း ယင်းကဲ့သို့ တီထွင်ခဲ့ကြောင်းကို ကုလသမဂ္ဂထံ သတင်းပို့ခြင်းမရှိခဲ့ဟု အမေရိကန် လက်နက် စစ်ဆေးရေး အဖွဲ့တစ်ဖွဲ့က ပြောကြားခဲ့သည်ဟု အမေရိကန်ဗဟိုထောက်လှမ်းရေးအေဂျင်စီ (စီအိုင်အေ) ထိပ်တန်းလက်နက်ပါရဂူတစ်ဦးက ယခုနှစ်ဧပြီလတွင် ကွန်ဂရက်လွှတ်တော်ထံ ပြောကြားခဲ့ရာ အချေအတင် ဆွေးနွေးစရာဖြစ်လာရသည်။

အီရတ်နိုင်ငံသည် ဓာတု သို့မဟုတ် ဇီဝလက်နက်ဖြင့် တိုက်ခိုက်မှုများ ပြုလုပ်နိုင်ရန် မောင်းသူမဲ့ လေယာဉ်များကို တီထွင်ခဲ့ပြီးနောက် တီထွင်ရေးအစီအစဉ်ကို ရပ်ဆိုင်းပစ်ခဲ့သည်ဟု ကုလသမဂ္ဂက သံသယ ရှိခဲ့သော်လည်း စုံစမ်း လေ့လာချက်များအရ အထောက်အထားများ မတွေ့ရပေ။ ၁၉၉၉ ခုနှစ်တွင် ထူထောင်ခဲ့သော ကုလသမဂ္ဂ လက်နက်စစ်ဆေးရေး အေဂျင်စီ လုပ်ငန်းများ စတင်ခဲ့ချိန်နောက်ပိုင်း မောင်းသူမဲ့လေယာဉ်ကိစ္စနှင့် ပတ်သက်၍ ကုလသမဂ္ဂ အစီရင်ခံစာတစ်ရပ်တွင် အတိအကျဆုံး ဖော်ပြထားခြင်းသည် ပထမဆုံးအကြိမ်ပင် ဖြစ်သည်။

မျှော်လင့်

အီရတ်နိုင်ငံသည် ထောက်လှမ်းရေး လေယာဉ်များအဖြစ် အသုံးပြုနိုင်ရန် မောင်းသူမဲ့လေယာဉ်များကို တီထွင် ထုတ်လုပ်ခဲ့သည်ဟု အီရတ်စစ်ပွဲ မတိုင်မီက အမေရိကန်လေတပ် ထောက်လှမ်းရေး သတင်းအချက်အလက်များ ဆန်းစစ်သူများနှင့် ပင်တဂွန်ရှိ ဒုံးပျံကာကွယ်ရေးအေဂျင်စီ တာဝန်ရှိသူများက ပြောကြားခဲ့ကြသည်။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီသည် လက်နက်စစ်ဆေးရေးမှူး၏ တွေ့ရှိချက်များနှင့်ပတ်သက်၍ ဗုဒ္ဓဟူးနေ့တွင် အချေအတင်ဆွေးနွေးပွဲတစ်ရပ် ပြုလုပ်မည်ဟု မျှော်လင့်ရသည်။

ရပ်ဆိုင်းပစ်ခဲ့

အီရတ်နိုင်ငံသည် အဝေးထိန်းစနစ်ဖြင့် ထိန်းချုပ်သော မောင်းသူမဲ့ လေယာဉ်များ ရရှိနိုင်ရန် အမ်အိုင်ဂျီ–၂၁ တိုက်လေယာဉ်တစ်စင်းကို ၁၉၉၀ ပြည့်နှစ်က ပြုပြင်ပြောင်းလဲခဲ့သည်ဟု ဝန်ခံခဲ့ကြောင်း၊ မောင်းသူမဲ့လေယာဉ် ထုတ်လုပ်ရေးအစီအစဉ်ကို တိတ်တဆိတ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအချို့ ရရှိခဲ့သော်လည်း ၁၉၉၁ ခုနှစ် ပါရှင်ပင်လယ်ကွေ့ စစ်ပွဲ ဖြစ်ပွားလာချိန်တွင် ယင်းအစီအစဉ်ကို ရပ်ဆိုင်းပစ်ခဲ့ကြောင်း ကုလသမဂ္ဂ လက်နက်စစ်ဆေးရေးမှူးချုပ် ဒီမီထရီ ပါရီကော့စ်က ၎င်း၏အစီရင်ခံစာတွင် ဖော်ပြထားသည်။ ၁၅ မျက်နှာပါရှိသော အဆိုပါ အစီရင်ခံစာကို ဝါရှင်တန်ပို့စ်သတင်းစာက ရရှိခဲ့သည်ဟု ဆိုသည်။

အီရတ်နိုင်ငံသည် ချက်နိုင်ငံက ထုတ်လုပ်သော လေ့ကျင့်ပျံသန်းရေး လေယာဉ်အမျိုးအစားဖြစ်သည့် တာတိုသုံး အယ်လ်–၂၉ လေယာဉ်တစ်စင်း အပါအဝင် လေယာဉ်အချို့ကို မောင်းသူမဲ့လေယာဉ်အဖြစ် ပြောင်းလဲနိုင်ရန် တီထွင်ခဲ့သော်လည်း ဇီဝနှင့် ဓာတုလက်နက်များဖြင့် ပစ်ခတ်နိုင်သည့် လေယာဉ်များအဖြစ် ထုတ်လုပ်ခဲ့သော အထောက်အထားများ မတွေ့ရှိရကြောင်း ပါရီကော့စ်က ပြောကြားသည်။ အီရတ်၏ မောင်းသူမဲ့လေယာဉ်များသည် ကုလသမဂ္ဂက ခွင့်ပြုသည့် ၉၃ မိုင် အကွာအဝေးထက် ကျော်လွန်အောင် ပျံသန်းနိုင်သည့် အထောက်အထားများကိုလည်း မတွေ့ရှိရကြောင်း ပါရီကော့စ်က ပြောကြားသည်။

အင်တာနက်။

အပျက်အစီး

အီရတ်နိုင်ငံ ကယ်ကွတ်မြို့ရဲ့အတတ်သင်သိပ္ပံကျောင်း အနီး ကားဗုံးပေါက်ကွဲရာ နေရာမှ အပျက်အစီးများကို အီရတ်ရဲများ စက်တင်ဘာ ၄ ရက်က ကြည့်ရှုစစ်ဆေးစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ကန်တပ်ဖွဲ့တိုက်ခိုက်မှုကြောင့် ခေါးစာခံများအန္တရာယ်ကျရောက်နိုင်

ပါရီ စက်တင်ဘာ ၈

အမေရိကန်တပ်ဖွဲ့ဝင်များသည် အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်တောင်ပိုင်းရှိ လာတီပူယာနှင့် မာမူဒီယာမြို့များအား စစ်ဆင်နွှဲတိုက်ခိုက်ခြင်းဖြင့် အီရတ်နိုင်ငံတွင် ဓားစာခံအဖြစ် အဖမ်းခံထားရသည့် ပြင်သစ်သတင်းထောက်နှစ်ဦး အသက်ဘေးအန္တရာယ်ရောက်စေနိုင်ကြောင်းဖြင့် ပြင်သစ်–အီရတ်မိတ်ဆွေဖြစ်အသင်းက တနင်္လာနေ့က ပြောကြားလိုက်သည်။

အီရတ်နိုင်ငံ သိမ်းပိုက်ရေးတပ်ဖွဲ့ဝင်များနှင့် ၎င်းတို့၏ အပေါင်းအပါတပ်ဖွဲ့ဝင်များသည် အာရပ်နိုင်ငံများနှင့် ပြင်သစ်နိုင်ငံတို့ ခိုင်မာသည့်စည်းလုံးမှုကို တန်ဖိုးမထားသလို ဓားစာခံကိစ္စဖြေရှင်းရေး ပြဿနာသည် ၎င်းတို့အတွက် အကျိုးဖြစ်ထွန်းမှုမရှိ၍ လိုလားနှစ်သက်မှုမရှိကြကြောင်း ၎င်းအသင်း၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။ လာတီဖူယာနှင့် မာမူဒီယာဒေသတို့အား စစ်ဆင်နွှဲတိုက်ခိုက်ပြီး လူပေါင်းရာချီ၍ ဖမ်းဆီးမှုတို့မှတစ်ဆင့် အမေရိကန်တပ်ဖွဲ့ဝင်များသည် သိသိကြီးဖြင့် ပြင်သစ်သတင်းထောက် နှစ်ဦး၏ အသက်ဘေး အန္တရာယ် ကျရောက်စေခဲ့ကြောင်း ကြေညာချက်တွင်ပါရှိသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အီရတ်နိုင်ငံ တာလ်အဖာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များကို တိုက်ခိုက်ပြီးနောက် အောင်ပွဲခံနေသည့် ရှီးယိုက် ခုခံတိုက်ခိုက်ရေးသမားများကို စက်တင်ဘာ ၅ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

အဘူဂါရိပ်မှအကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းမှု ကန်တပ်ဖွဲ့ဝင်လေးဦးကို တရားစွဲဆိုထား

ဝါရှင်တန် စက်တင်ဘာ ၈

လွန်ခဲ့သည့်နှစ်က သေနတ်ဖြင့် ဦးခေါင်းကို ရိုက်နှက်ခံရပြီးနောက် သေဆုံးခဲ့သော အကျဉ်းသမားတစ်ဦးအပါအဝင် အီရတ်နိုင်ငံ၌ အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းမှုဖြင့် အမေရိကန်ရေတပ်၏ လက်ရွေးစင်ကွန်မန်ဒိုတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်လေးဦးတို့ကို တရားစွဲဆိုထားကြောင်း အမေရိကန်ရေတပ်က သောကြာနေ့တွင် ကြေညာသည်။

အဆိုပါ အမေရိကန်တပ်ဖွဲ့ဝင် လေးဦးအား တင်ထားသည့်စွဲချက်များတွင် ကိုယ်ထိလက်ရောက် ကျူးလွန်မှု၊ အကျဉ်းသားများအား မတရားနှိပ်စက်ညှဉ်းပန်းမှု၊ အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းမှုကို အစီရင်ခံရန် ပျက်ကွက်မှု၊ စုံစမ်းစစ်ဆေးရေးမှူးများအား တင်ပြချက်များကို လွဲမှားစွာ ဖော်ပြမှုနှင့် ပြစ်မှုကျူးလွန်ရန်မြှုဆွယ်မှုတို့ပါဝင်သည်ဟု ရေတပ်ကြေညာချက်တွင် ဖော်ပြထားသည်။ အချို့စွဲချက်များသည် မာနာဒယ်အယ်လ်–ဂျာမာဒီ သေဆုံးမှုနှင့်ဆက်နွှယ်သည်ဟု ရေတပ် တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။ ဂျာမာဒီမှာ ၂၀၀၃ခုနှစ် နိုဝင်ဘာလတွင် အမေရိကန်ရေတပ်၏ လက်ရွေးစင် ကွန်မန်ဒိုတပ်ဖွဲ့ဝင်များက ဖမ်းဆီးခဲ့သည့် အီရတ်အမျိုးသားတစ်ဦးဖြစ်သည်။

အမေရိကန် အထူးကွန်မန်ဒိုတပ်ဖွဲ့ဝင်တစ်ဦးသည် အဘူဂါရိပ် အကျဉ်းထောင်သို့ ထိန်းသိမ်းရန် ခေါ်မလာမီ သေနတ်ဒင်ဖြင့် အကျဉ်းသားများ၏ ဦးခေါင်းကိုရိုက်နှက်ခဲ့ကြောင်း စုံစမ်းစစ်ဆေးသူများက တွေ့ရှိခဲ့သည်။ အကျဉ်းသားလေးဦးကို စစ်ဆေးရာတွင် ၎င်းမှာ သေနတ်ဒင်ဖြင့် အရိုက်ခံရမှုကြောင့်ဖြစ်နိုင်သည်။ အဆိုပါ အကျဉ်းသားမှာ နောက်ပိုင်း၌ အဘူဂါရိပ်တွင်ပင် သေဆုံးခဲ့သည်။ ဦးခေါင်းထဲ၌ သွေးခဲမှုကြောင့် သေဆုံးရခြင်းဖြစ်သည်ဟု ဆုံးဖြတ်သည်။

သောကြာနေ့က ကြေညာသည့် စွဲချက်များသည် ဧပြီလအတွင်းက အီရတ်အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းမှု ဘူးပေါ်သလိုပေါ်လာပြီးနောက် အမေရိကန်ရေတပ်မှတပ်ဖွဲ့ဝင်များကို ပထမဆုံးအကြိမ် တရားစွဲဆိုခြင်းဖြစ်သည်။ အဘူဂါရိပ် အကျဉ်းထောင်တွင် အီရတ် အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းမှုများနှင့် ပတ်သက်၍ အမေရိကန်ကြည်းတပ်မှ စစ်ရဲတပ်ဖွဲ့ခုနစ်ဦးကို ယခုချိန်အထိ တရားစွဲဆိုထားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အီရတ်နိုင်ငံ၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေ စက်တင်ဘာ ၈ ရက် အထိ ၁၀၀၅ဦးရှိကြောင်း ကြေညာ

ဘဂ္ဂဒက် စက်တင်ဘာ ၈

အီရတ်နိုင်ငံကို ၂၀၀၃ခုနှစ် မတ်လက စစ်ရေးအရ စစ်ဆင်နွှဲတိုက်ခိုက်ခဲ့ချိန်မှစ၍ စက်တင်ဘာ ၈ရက်အထိ သေဆုံးခဲ့ရသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၁၀၀၅ဦးရှိပြီဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။ ယင်းအနက် ၇၅၉ဦးမှာ တိုက်ခိုက်မှုများကြောင့် သေဆုံးရခြင်းဖြစ်ပြီး ၂၄၆ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးရခြင်းဖြစ်သည်။ သေဆုံးသူများတွင် စစ်ဘက်ဆိုင်ရာ အရပ်သား သုံးဦးလည်း ပါဝင်သည်။

သေဆုံး

အီရတ်နိုင်ငံတွင် အဓိက စစ်ဆင်ရေးလုပ်ငန်းများ ပြီးဆုံးပြီဖြစ်ကြောင်း အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်က ကြေညာခဲ့သည့် ၂၀၀၃ခုနှစ် မေ ၁ရက်နောက်ပိုင်း သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၈၆၇ဦးဖြစ်သည်။ ယင်းအနက် ၆၅၀ဦးမှာ တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရခြင်းဖြစ်ပြီး ၂၁၇ဦးမှာ အခြားအကြောင်းများကြောင့် ဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

နိုင်ငံတကာသတင်းများ

အမေရိကန်တပ်ဖွဲ့ဝင်များ ဒဏ်ရာရမှု သိသိသာသာမြင့်တက် ဩဂုတ်တစ်လတည်း ဒဏ်ရာရသူ ၁၀၀၀ ခန့်ရှိ

ဘဂ္ဂဒက် စက်တင်ဘာ ၈

ပြီးခဲ့သော ဩဂုတ်လသည် အမေရိကန်တပ်ဖွဲ့များနှင့် မရိန်းတပ်ဖွဲ့များအတွက် အီရတ်စစ်ပွဲ တစ်လျှောက်လုံး၌ တစ်လအတွင်း ထိခိုက်ဒဏ်ရာရသူ အများဆုံးလဖြစ်သည်။ ထိုလတွင် အမေရိကန်တပ်ဖွဲ့ဝင် စုစုပေါင်း ၁၀၀၀ ခန့် ဒဏ်ရာရရှိခဲ့သည်။ ထိုအထိအခိုက် ကိန်းဂဏန်းများ သိသိသာသာ တက်လာခြင်းသည် အီရတ်တောင်ပိုင်းဒေသ နာဂျက်ဖ်မြို့ တိုက်ခိုက်မှု မည်မျှပြင်းထန်ခဲ့သည်ကို ဖော်ပြလျက်ရှိသည်ဟု ဆိုသည်။ ထို့နောက်ပိုင်းတွင်လည်း ပြင်းထန်လာစရာရှိသည်ဟူသော အခြေအနေကို ဖော်ပြနေခြင်းဖြစ်ကြောင်း အမေရိကန်ဆေးတပ်ဖွဲ့ အကြီးအကဲများက ပြောကြားကြသည်။

တစ်ချိန်တည်းမှာပင် ရှီးယိုက်များ နေထိုင်ရာ ဘဂ္ဂဒက်ဝန်းကျင်ဒေသနှင့် ဆွန်နီများနေထိုင်ရာ ဖော်လူဂျာ၊ ရာမာဒီနှင့် ဆာမာရာဒေသများတွင် အမေရိကန်တပ်ဖွဲ့ဝင်များမှာ မကြာခဏ အတိုက်အခိုက်ခံရသည့် အဖြစ်နှင့် ကြုံနေရသည်။ အမေရိကန်တို့က အကန့်အသတ် သဘောပါသော အာဏာကို အီရတ်များလက်သို့ လွှဲပေးခဲ့သည်မှာ နှစ်လကျော်သွားပြီဖြစ်သည်။ သို့ရာတွင် ထိုဒေသများကို ခုခံရေးသမားများက ထိန်းချုပ်ထားနိုင်ဆဲဖြစ်သည်ကို တွေ့ကြရသည်ဟု ဆိုသည်။

အီရတ်တွင် ဖြစ်ပေါ်နေသော အဖြစ်အပျက်များသည် မြို့တွင်းတိုက်ပွဲကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်းတွင် လေးနေရာ၌ ဆင်နွှဲနေရသည့် အခြေအနေများဖြစ်ကြောင်း၊ အဆောက်အအုံ တစ်ခုချင်းအလိုက် တိုက်ပွဲဆင်နွှဲနေရသကဲ့သို့ရှိကြောင်း ဒုတိယဗိုလ်မှူးကြီး အဲလ်ဘတ်မားစ်က ပြောကြားသည်။ ၎င်းသည် ရှေ့တန်း အမှတ်(၂)ဆေးတပ်ရင်း၌ တာဝန်ထမ်းဆောင်နေရသော အရာရှိတစ်ဦးဖြစ်သည်။

အပြောင်းအလဲရှိ

ယခု တစ်ကြိမ်တွင် အသေအပျောက် အခြေအနေနှင့် အထိအခိုက် အခြေအနေသည် တစ်ခုနှင့်တစ်ခု အချိုးအစားမညီမမျှ ဖြစ်နေသည်ကို တွေ့ရသည်။ တပ်ဖွဲ့ဝင်အသေအပျောက် သိသိသာသာတက်မလာဘဲနှင့် ထိခိုက်ဒဏ်ရာရမှု အခြေအနေမှာ ထူးခြားသိသာစွာ တိုး၍တက်သွားသည်။ ၂၀၀၃ ခုနှစ် မတ်လတွင် အီရတ်စစ်ပွဲစ၍ ဖြစ်ပွားသည့်အချိန်မှစ၍ စက်တင်ဘာ ၈ရက်အထိ အီရတ်စစ်မြေပြင်တွင် အမေရိကန်တပ်ဖွဲ့ဝင် သေဆုံးမှု ၁၀၀၅ဦးရှိပြီး ဒဏ်ရာရသူဦးရေမှာ ၇၀၀၀နီးပါးရှိသည်။ တပ်ဖွဲ့ဝင်အသေအပျောက်နှင့် အထိအခိုက်ကိန်းဂဏန်းများကို ကြည့်လျှင် ပြီးခဲ့သော လမတိုင်မီ အချိန်အထိ တစ်ခုနှင့်တစ်ခုသည် အချိုးအစားညီမျှစွာ အပြောင်းအလဲရှိကြောင်းကို တွေ့ခဲ့ရကြသည်ဟု ဆိုသည်။

ကာကွယ်ရေးဝန်ကြီးဌာန၏ စာရင်းဇယားများအရဆိုပါက ပြီးခဲ့သော ဩဂုတ်လတွင် အမေရိကန်တပ်ဖွဲ့ဝင် အသေအပျောက် ၆၆ဦးရှိကြောင်း သိရသည်။ အဆိုပါ အသေအပျောက် ကိန်းဂဏန်းသည် မေလနောက်ပိုင်းတွင် တစ်လအတွင်း အထိအခိုက် အများဆုံး ကိန်းဂဏန်းဖြစ်သည်။ မေလက အသေအပျောက် စာရင်းမှာ တပ်ဖွဲ့ဝင် ၈၀ ဖြစ်သည်။ သို့ရာတွင် ပြီးခဲ့သော ဧပြီလအသေအပျောက် စာရင်းမှာ အမေရိကန်တပ်ဖွဲ့ဝင် ၁၃၅ ဦးရှိသည်ဖြစ်၍ ယခုနှစ်အတွင်းတွင် အမြင့်ဆုံးဖြစ်၏။

ပျံ့နှံ့

ထိုစာရင်းနှင့်စာလျှင် ဩဂုတ်လသေဆုံးမှု စာရင်းမှာ နည်းသည်ဟု ဆိုနိုင်မည်ဖြစ်သည်။ ထိုစဉ်က ပြောက်ကျား တိုက်ခိုက်မှုများမှာ ဆွန်နီတြိဂံဒေသဟုခေါ်သော ဘဂ္ဂဒက်မြို့ ဝန်းကျင်မြို့များ၌သာ ဖြစ်ပေါ်ခဲ့သည်။ ယခုအခါ တိုက်ခိုက်မှုများမှာ အဆိုပါ ဒေသများမှသည် အီရတ်တောင်ပိုင်း ရှီးယိုက်များ နေထိုင်ရာမြို့များသို့ပါ ပျံ့နှံ့လာလျက်ရှိသည်။ အမေရိကန်စစ်ဘက်သည် အီရတ်များ၏ ထိခိုက်မှုနှင့် အသေအပျောက် စာရင်းများကို ပုံမှန်အားဖြင့် ထုတ်ပြန်လေ့မရှိကြောင်း သိရသည်။

မရှိသေး

ဩဂုတ်လအတွင်းတွင် အမေရိကန်တပ်ဖွဲ့ဝင် အသေအပျောက် သိသိသာသာ မြင့်မလာဘဲနှင့် အဘယ်ကြောင့်ဒဏ်ရာရမှုစာရင်း သိသိသာသာ မြင့်မားလာရသည်ကို ရှင်းလင်းထားသော လတ်တလော ရှင်းလင်းချက် တစ်စုံတစ်ရာမရှိသေးဟု အမေရိကန်စစ်မြေပြင် ဦးစီးမှူးများက ဆိုသည်။

ပြောကြား

ပြီးခဲ့သည့်လက ကွျန်ုပ်၏ဆေးရုံသို့ ရှေ့တန်းလူနာအသစ် ၄၂၅ဦး ရောက်ရှိလာသည်။ ယခုအချိန်အထိ ကွျန်ုပ်သိရသည်မှာ ကွျန်ုပ်၏အမှတ် ၃၁ ရှေ့တန်း အထောက်အကူပြုဆေးရုံသို့ လူနာသစ်များတိုး၍ လက်ခံရရှိခြင်းပင် ဖြစ်သည်ဟု တပ်မှူးဗိုလ်မှူးကြီး ရိစ်ဘတ်ဇ်က ပြောကြားသည်။

တုံ့ပြန်

အထက်ပါ ထိခိုက်ဒဏ်ရာရမှု အခြေအနေနှင့် ပတ်သက်၍ ဖြစ်နိုင်ခြေရှိသော ရှင်းလင်းချက်တစ်ရပ်ရှိသည်ဟု ဆိုသည်။ လူနေထူထပ်သော နာဂျက်ဖ်မြို့ကို အမေရိကန်တို့သည် သံချပ်ကာ ယာဉ်များပုံအော၍ သုံးပြီး တပ်ရင်းနှစ်ရင်းအင်အားဖြင့် ပိတ်ဆို့စစ်ဆင်ခဲ့သည်။ ရှီးယိုက်ခုခံရေးသမားများနှင့် အနီးကပ်တိုက်ခိုက်ရသော တိုက်ပွဲတွင် အမေရိကန်တို့သည် ခုခံရေး သမားများဘက်မှ ပစ်ခတ်မှုများမှ အကာအကွယ်ရစေရန် အေဘရာဟမ်တင့်ကားများနှင့် ဘရက်ဒလေ တိုက်ခိုက်ရေးယာဉ်များကို အများအပြား သုံးစွဲခဲ့ကြသည်။ ထို့အပြင် ခုခံသူများပစ်ခတ်မှုနှင့် ကြုံတိုင်း လက်နက်ကြီးများကို ပုံအော၍သုံးပြီး မြန်ဆန်စွာ တုံ့ပြန်ခဲ့ကြောင်း သိရသည်။

အဆက်မပြတ်တိုက်ခိုက်

နာဂျက်ဖ်တိုက်ပွဲတွင် နှစ်ပတ်လုံးလုံး ကွျန်ုပ်တို့၏သံချပ်ကာ အများအပြားပါဝင်သော အမေရိကန်တပ်ဖွဲ့များသည် အဆက်မပြတ်တိုက်ခိုက်မှုများကို ခံခဲ့ရသည်။ ထိုတိုက်ပွဲများတွင် ကွျန်ုပ်တို့ အမှတ်(၁)သံချပ်ကာ တပ်မ၏ အမှတ်(၂)တပ်ရင်းမှာ အသေအပျောက် မရှိခဲ့သော်လည်း အများအပြား ဒဏ်ရာရသည့် အခြေအနေနှင့် ကြုံခဲ့ရသည်ဟု ထိုတပ်မှ ဗိုလ်မှူးတင်မ်ကချာက ပြောကြားသည်။

အင်တာနက်။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးဒေသတွင် အမေရိကန်တပ်ဖွဲ့ဝင်များကို တိုက်ခိုက်ရန် နေရာယူနေသည့် ရှီးယိုက်လက်နက်ကိုင် တစ်ဦးကို စက်တင်ဘာ ၇ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ပြင်သစ်သတင်းစာဆရာနှစ်ဦးလွတ်မြောက်ရေး သံတမန်ရေး ကြိုးပမ်းနေ

ဝါရှင်တန် စက်တင်ဘာ ၈

အမေရိကန် တာဝန်ရှိပုဂ္ဂိုလ်များသည် အီရတ်နိုင်ငံ၌ ပြင်သစ်သတင်းစာဆရာနှစ်ဦး ပြန်ပေးဆွဲခံရမှုအတွက် ပြင်သစ်အစိုးရနှင့် အနီးကပ်ဆက်သွယ် ပူးပေါင်းဆောင်ရွက်နေကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

ပြင်သစ် သတင်းထောက်နှစ်ဦး၏ အခြေအနေနှင့် ပတ်သက်၍ အမေရိကန်က စိုးရိမ်ပူပန်မိကြောင်း၊ အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ရစ်ချတ်ဘောက်ချာက ပြောကြားသည်။

ပြင်သစ် သတင်းစာဆရာနှစ်ဦး လွတ်မြောက်ရေးအတွက် ပြင်သစ်အစိုးရက သံတမန်ရေးကြိုးပမ်းလှုပ်ရှားမှုများ ပြုလုပ်နေသည်ကို မိမိတို့ မြင်တွေ့နေရကြောင်း၊ အခြေအနေကို မိမိတို့ အနီးကပ်စောင့်ကြည့်လျက်ရှိကြောင်း၊ ၎င်းတို့နှစ်ဦးလွတ်မြောက်ရေးအတွက် မိမိတို့ ပေးနိုင်သည့် အကူအညီ ပေးမည်ဖြစ်ကြောင်း ဘောက်ချာက ပြောကြားသည်။

သို့ရာတွင် ပြင်သစ်နှင့် အမေရိကန်တို့ ဆက်သွယ်ဆောင်ရွက်မှု အသေးစိတ်ကိုမူ မိမိမပြောကြားနိုင်ကြောင်း ၎င်းက ပြောကြားသည်။

လီဖီဂါရို ပြင်သစ်သတင်းစာမှ သတင်းစာဆရာ ဂျော့စ် မယ်ဘရုနော့သ်နှင့် ပြင်သစ်ရေဒီယို အင်တာနေရှင်နယ်မှ သတင်းထောက်ခရစ်ရှန် ချက်စနော့သ်တို့သည် အီရတ် အစ္စလမ္မစ် တပ်မတော်အမည်ရှိ ခုခံရေးအုပ်စုက ဩဂုတ် ၂၀ရက်တွင် ၎င်းတို့၏ ဆီးရီးယားနိုင်ငံသား ကားမောင်းသူနှင့်အတူ ပြန်ပေးဆွဲခံခဲ့ရသည်။

အင်တာနက်။

ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးတွင် တိုက်ပွဲအပြင်းအထန်ဖြစ်ပွား

ဘဂ္ဂဒက် စက်တင်ဘာ ၈

အီရတ်နိုင်ငံတွင် တိုက်ပွဲများဖြစ်ပွားနေသည့်အတွက် ဆွန်နီခုခံတိုက်ခိုက်ရေးသမားများ၏ အပစ်အခတ် ရပ်စဲရေးမှာ ပျက်ပြားခဲ့ရသည်။ တိုက်ပွဲများကြောင့် လူအများအပြား သေဆုံးခဲ့ရာ ၂၄နာရီအတွင်း အမေရိကန်တပ်ဖွဲ့ဝင် ၁၃ ဦးလည်း သေဆုံးခဲ့ရသည်။

ထိုအတောအတွင်း အမေရိကန်လေယာဉ်များသည် ဘဂ္ဂဒက်မြို့ အနောက်ဘက် ဖော်လူဂျာမြို့တွင် အင်္ဂါနေ့ နှောင်းပိုင်းက တိုက်ခိုက်ခဲ့သည်။ အီရတ်သေနတ်သမားများသည် အီတလီနိုင်ငံသူ အကူအညီပေးရေး ဝန်ထမ်းနှစ်ဦးနှင့် အီရတ်နိုင်ငံသား နှစ်ဦးတို့ကို ဘဂ္ဂဒက်မြို့ရှိ ၎င်းတို့၏ရုံးများမှ ပြန်ပေးဆွဲခဲ့သည်။

ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးဒေသတွင် တိုက်ခိုက်မှုများ အပြင်းအထန် ဖြစ်ပွားကြောင်း အေအက်ဖ်ပီ သတင်းဌာနမှ သတင်းထောက်တစ်ဦးက ပြောကြားသည်။

အမေရိကန် တပ်ဖွဲ့ဝင်များနှင့် ရှီးယိုက်ခေါင်းဆောင် မိုတာဒါဆာဒါ၏ နောက်လိုက် တိုက်ခိုက်ရေးသမားများ ညပိုင်း၌ တိုက်ပွဲဖြစ်ပွားရာတွင် အီရတ်နိုင်ငံသား ၄၀ သေဆုံးပြီး ၂၇၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါ တိုက်ပွဲတွင် မီဒီတိုက်ခိုက်ရေးသမား ၁၅ ဦး သေဆုံးပြီး ၆၂ ဦး ဒဏ်ရာရရှိကြောင်း ဆာဒါ၏ လက်ထောက် ရှိတ်နာအမ်အယ်လ်ကာဘီက ပြောကြားသည်။

အမေရိကန်တပ်ဖွဲ့ဝင်များ အီရတ်သို့ ရောက်ရှိခဲ့ချိန်နောက်ပိုင်း လွန်ခဲ့သည့်ညက ဆာဒါစီးတီးဒေသတွင် အမြောက်ကျည်ဆန်များ အပြင်းအထန် ကျရောက်ပေါက်ကွဲကြောင်း၊ အမေရိကန်စစ်လေယာဉ်များကလည်း ည ၁၀နာရီမှ နံနက် ၄ နာရီအထိ ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ဆာဒါ၏ လက်ထောက်တစ်ဦးက ပြောကြားသည်။

ညပိုင်း၌ ဆာဒါစီးတီးဒေသတွင် အမေရိကန်တပ်ဖွဲ့ဝင်များကို ဗုံးများနှင့်လက်နက်ငယ်များဖြင့် တိုက်ခိုက်ခဲ့ကြောင်းနှင့် အဆိုပါဒေသတွင် အင်္ဂါနေ့က ချုံခိုတိုက်ခိုက်ခံရခြင်းကြောင့် အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံးခဲ့ကြောင်း အမေရိကန်ကြည်းတပ် ပြောရေးဆိုခွင့်ရှိသူ ဒုတိယ ဗိုလ်မှူးကြီး ဂျိမ်းစ်ဟက်တန်က ပြောကြားသည်။

ဘဂ္ဂဒက်မြို့ အနောက်ပိုင်းတွင် လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒုတိယမြောက် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

ဘဂ္ဂဒက်မြို့တွင် သီးခြားတိုက်ခိုက်မှုများကြောင့် အမေရိကန်တပ်ဖွဲ့ဝင် လေးဦးနှင့် ဘဂ္ဂဒက်မြို့ မြောက်ဘက်တွင် တစ်ဦးသေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ ထိုတပ်ဖွဲ့ဝင်များနှင့် ပါဆိုလျှင် ၂၀၀၃ ခုနှစ် မတ်လတွင် အီရတ်သို့ ဝင်ရောက် ကျူးကျော်ခဲ့ချိန်နောက်ပိုင်း အီရတ်၌ သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင် ၁၀၀၀ ကျော် ရှိပြီဖြစ်သည်။

အင်တာနက်

အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ရှီးယိုက်ခုခံရေးသမားများ ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးဒေသတွင် တိုက်ပွဲဖြစ်ပွားပြီးနောက် ပျက်စီးနေသည့် ကားတစ်စီးကို စက်တင်ဘာ ၇ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

သန့်ရှင်းကျန်းမာ ကွမ်းစားရှောင်ကြဉ်ပါ

တင်ထွဋ်(အစိုးရတိုင်းရင်းဆေး)

"မောင်ရင် ဘယ်ကလှည့်လာသလဲ၊ လာထိုင်ကွယ်၊ ရုံးပိတ်ရက် တစ်ပတ်တစ်ခါ စကားဝိုင်းဖွဲ့ဖို့ မဆုံကြတာ၊ စာပေနှင့် စာနယ်ဇင်း ဗဟို ဦးစီးအဖွဲ့ အစည်းအဝေးပြီးကတည်းကဆိုတော့ လေးလတောင်ကျော်ပြီနော်"

စာပေရေးရာ၊ ဆေးပညာဆိုင်ရာ အကြံဉာဏ်များရယူ တိုင်ပင်ဆွေးနွေး စကားဝိုင်းဖွဲ့နေကျ အသက် (၆၀)ဝန်းကျင် အနောက်တိုင်းဆေးပညာရှင် လည်းဖြစ်၊ စာရေးဆရာ တစ်ဦးလည်းဖြစ်သော ဒေါက်တာဦးလူမွန်က ပက်လက်ကုလားထိုင်တွင်ထိုင်လျက် လက်ထဲ၌ သတင်းစာကိုင်ဖတ်ကာ ကျွန်တော့်အား ကြိုဆိုတဲ့ပြန်စကား ပြောကြားလိုက်ပါသည်။

"ဆရာနဲ့ စကားဝိုင်းမဖွဲ့ရတာ ကြာပြီဖြစ်လို့ သီးသန့်လာတာပါ။ ဘာတွေများ ဖတ်နေသလဲ၊ အကြောင်းထူးများရှိရင် ဖောက်သည်ချပါဦး ခင်ဗျာ"

"တခြားမဟုတ်ပါဘူးကွာ၊ ၁–၆–၂၀၀၄ ရက်နေ့ထုတ် သတင်းစာထဲမှာ ပါတဲ့ ၂၀၀၄ ခုနှစ် မေလ ၃၁ ရက်နေ့က ကျင်းပခဲ့တဲ့ **၂၀၀၄ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့** အခမ်းအနားမှာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ပြောကြားသွားတဲ့ မိန့်ခွန်းထဲက မှတ်သားဖွယ်ရာတွေနဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဂျီနီဗာရုံးချုပ်မှ မြန်မာနိုင်ငံ ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီးအား **၂၀၀၄ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ဆု**ကို ချီးမြှင့်ကြောင်း စတာတွေကိုဖတ်ရင်း ပြည်သူတွေအတွက် စီးပွားရေး၊ လူမှုရေး နဲ့ ကျန်းမာရေးအန္တရာယ်အမျိုးမျိုးကို ကျရောက်စေတဲ့ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း အမျိုးမျိုးဖြစ်သည့် စီးကရက်၊ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ ဆေးတံ၊ ပြောင်းဖူးဖက်လိပ်၊ ကွမ်းဖက်လိပ် စတာတွေနဲ့ ဆေးပါသော ကွမ်းစားခြင်း၊ ဆေးရွက်ကြီးငုံခြင်း အစရှိတဲ့ ဆေးရွက်ကြီး ထွက် ပစ္စည်းအမျိုးမျိုး သောက်သုံးခြင်းထဲမှာပါဝင်တဲ့ **ကွမ်းစားခြင်းဆိုတဲ့ အလေ့အထ**ကို ပြည်သူတွေ သိရှိနားလည်သဘောပေါက်အောင် ဘယ်လို အသိပညာပေးရမယ်ဆိုတာ စဉ်းစားနေတာ"

"ဟုတ်ကဲ့ ကျွန်တော်လည်း အဲဒီနေ့က ဖတ်လိုက်ရတယ်၊ အဲဒီလို ဆုရရှိတာဟာ မြန်မာ့ကျန်းမာရေး သမိုင်းမှာ ဂုဏ်ယူစရာပါပဲခင်ဗျာ"

"အေး–အဲဒီမိန့်ခွန်းထဲမှာ ဆေးပါတဲ့ ကွမ်းစားတာ အပါအဝင် စီးကရက်၊ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ ဆေးတံ၊ ပြောင်းဖူးဖက်လိပ်၊ ကွမ်းဖက်လိပ် သောက်သုံးတာတွေ၊ ဆေးရွက်ကြီးငုံတာတွေ စတဲ့ ဆေးရွက်ကြီးထွက် ပစ္စည်းအမျိုးမျိုး သောက်သုံးတာတွေဟာ လူငယ်လူရွယ်တွေနဲ့ ပြည်သူ တစ်ရပ်လုံးကို ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး အန္တရာယ်အမျိုးမျိုး ကျရောက်စေကြောင်း၊ အဲဒီလို ဆေးရွက်ကြီးထွက်ပစ္စည်းတွေ သောက်သုံးတဲ့ အတွက် ကုန်ကျတဲ့ စရိတ်စကတွေဟာ ဝင်ငွေနည်းပါးလှတဲ့ အိမ်ထောင်စု တွေအတွက် ဆင်းရဲချို့တဲ့မှုရဲ့ အရင်းအမြစ်ဖြစ်တယ်ဆိုတာကို မီးမောင်းထိုး ပြောကြားသွားတယ်"

"ဟုတ်ပါတယ်ဆရာ၊ ကမ္ဘာ့အရပ်ရပ်မှာ ပြုလုပ်ထားတဲ့ သုတေသနများ အရရော၊ မြန်မာနိုင်ငံမှာ ဆောင်ရွက်ခဲ့တဲ့ သုတေသနများအနေနဲ့ပါ ကွမ်းစား ခြင်းအပါအဝင် ဆေးလိပ်သောက်ခြင်း၊ ဆေးရွက်ငုံခြင်း စတဲ့ အလေ့အထ တွေကို ဝင်ငွေနည်းပါးတဲ့ မိသားစုတွေမှာ ပိုမိုပြီး တွေ့ရှိရတယ်လို့လည်း ထည့်သွင်းပြောကြားသွားသေးတယ်ခင်ဗျ"

"ဟုတ်တယ်မောင်ရင်၊ အခုကြည့်လေ ကွမ်းစားတဲ့ အလေ့အထကို မြန်မာနိုင်ငံအတွင်းမှာပဲ လေ့လာကြည့်စမ်းပါကွာ၊ အလွှာအသီးသီးမှာ ကျယ်ကျယ်ပြန့်ပြန့် စားသုံးလာကြရာမှာ အမျိုးသားများအပြင် အမျိုးသမီးများပါ တစ်နည်းပြောရရင် ကွမ်းယာ ရောင်းတဲ့ အမျိုးသမီး၊ ကလေးသူငယ်များပါ စားတတ်လာတာတွေ့ရတယ်။ အဲဒီလို ကွမ်းစားတဲ့ အလေ့အထတွေ ပိုပြီး များလာတဲ့အတွက်လည်း တစ်ဖက်က ကွမ်းဆေးမျိုးစုံရဲ့ ဈေးနှုန်းမြင့်မား လာတာတွေ့ရပြန်တယ်"

"ဆရာရယ်၊ ဒါတင်ဘယ်ကမလဲ ကွမ်းယာစားတဲ့သူတွေဟာ အနိမ့်ဆုံး ဈေးနှုန်းအနေနဲ့ ငွေကျပ်ငါးဆယ်ဖိုးဝယ်ရင် ကွမ်းယာခြောက်ယာနှုန်းနဲ့ တွက်တာ တောင် တစ်နေ့ကွမ်းဖိုးအနည်းဆုံး ငွေကျပ်နှစ်ရာ/သုံးရာလောက် ကုန်နေတာ တွေ့ရတော့၊ တစ်လတာကုန်ကျစရိတ်ကို တွက်မယ်ဆိုရင် ဘယ်နည်းပါ့မလဲ"

"မှန်တာပေါ့၊ တို့မြန်မာနိုင်ငံမှာ ကျန်းမာရေးဦးစီးဌာနက ၂၀၀၄ ခုနှစ် အတွင်း ပြုလုပ်ခဲ့တဲ့ **ဆေးလိပ်၊ ဆေးရွက်ကြီးသောက်သုံးမှုနဲ့ ဆင်းရဲချို့တဲ့မှု နှီးနွှယ်ချက်ဆိုင်ရာ သုတေသန**တစ်ရပ်မှာ ဝင်ငွေနည်းပါးတဲ့ မိသားစုတွေ အတွက် အသုံးစရိတ် ဝန်ထုပ်ဝန်ပိုးဖြစ်နေရတယ်ဆိုတာ တွေ့ရတယ်"

"ဆရာရယ် ကွမ်းစား၊ ဆေးလိပ်သောက်တဲ့သူတွေဟာ မိမိတို့သုံးစွဲ နေတဲ့ ကုန်ကျစရိတ်ကို အမှုမဲ့အမှတ်မဲ့ နေလိုက်ကြတာနော်။ အဲဒီကွမ်းဖိုး၊ ဆေးလိပ်ဖိုးတွေကို မိသားစုအတွင်းမှာရှိတဲ့ မိမိအပါအဝင် အထူးသဖြင့် ကလေးသူငယ်တွေအတွက် အာဟာရဖြစ်စေမယ့် ဆန်၊ ဆီ၊ ပဲ၊ ကြက်ဥ စတဲ့ အစားအစာတွေအဖြစ် ပြောင်းလဲကျွေးမွေး ဖြည့်ဆည်းပေးလိုက်မယ်ဆိုရင် မိမိတစ်ဦးချင်းနဲ့ မိသားစုအတွက်သာမက တစ်တိုင်းပြည်လုံးအတွက် မျက်မှောက် ပစ္စက္ခကာလမှာရော နောင်အနာဂတ်မှာပါ ဘယ်လောက် အကျိုးရှိလိုက် မလဲခင်ဗျာ"

"ဟုတ်တာပေါ့မောင်ရင်၊ ကျန်းမာရေးဟာ ရရှိခဲလှတဲ့ လာဘ်တစ်ပါး၊ အာရောဂျာပရမာလာဘာလို့ လူတိုင်းပြောနေကြပေမယ့် ကျန်းမာခြင်းရဲ့တန်ဖိုးကို အလေးထားတတ်၊ နားလည်မှုရှိရှိနဲ့ ကျင့်ကြံတတ်တဲ့သူကတော့ နည်းတယ် ကွယ့်။ ရောဂါဖြစ်ပွားရခြင်းအကြောင်း (မကျန်းမာရခြင်းအကြောင်း) အချို့ကို အနောက်တိုင်းဆေးပညာအရ ပြောရရင် ကုသိုလ်ကံအားနည်းသည့် မွေးရာပါမျိုးရိုးရောဂါ (Inherited and Congenital diseases) တွေ၊ ကူးစက်ရောဂါ (Infectious diseases)တွေ၊ အာဟာရနဲ့ဆိုင်သောရောဂါ (တစ်နည်းအားဖြင့်) အာဟာရချို့တဲ့သောရောဂါ (Nutritional disorders) တွေ၊ အသစ်ဖြစ်ပေါ်လာတဲ့ အသားစိုင်များ သို့မဟုတ် ကင်ဆာရောဂါ (New Growth or Cancer)တွေ၊ သွေးကြော၊ ဦးနှောက်၊ အာရုံကြောနဲ့ ဇရာကြောင့်ဖြစ်တဲ့ ရောဂါ (Vascular & Degenerative disorders)တွေ၊ ကျန်းမာရေးဥပဒေကို ချိုးဖောက်ခြင်း (Violations of law of health) ဖြစ်တာတွေရယ်လို့ရှိရာမှာ ကွမ်းစားခြင်း၊ ဆေးလိပ်သောက်ခြင်း အလေ့အထ တွေဟာ အခုပြောခဲ့တဲ့ ရောဂါဖြစ်ရခြင်း အကြောင်းတရားတွေနဲ့ အကျုံးဝင် နေတယ်"

"ဟုတ်ကဲ့ အလွန်စိတ်ဝင်စားဖို့ကောင်းတဲ့အပြင် ရောဂါဖြစ်ခြင်းအကြောင်း တွေနဲ့ပတ်သက်တဲ့ တိုင်းရင်းဆေးရှုထောင့်အရ **ကံ၊ စိတ်၊ ဥတု၊ အာဟာရ** ဆိုတဲ့ အကြောင်းလေးပါးရှိရာမှာ ကံ၊ စိတ်နဲ့ အာဟာရဆိုတဲ့ အကြောင်းသုံးပါး ဟာ ဆရာအခုပြောပြလိုက်တဲ့ အနောက်တိုင်းဆေးပညာအရ ရောဂါဖြစ် ရခြင်းအကြောင်းတွေနဲ့ တော်တော့်ကို လိုက်လျောညီထွေ ကိုက်ညီနေတာ တွေ့ရတယ်"

"မောင်ရင်၊ ကိုယ်ဝန်ဆောင် မိခင်တွေအနေနဲ့ ကိုယ်ဝန်ဆောင်စဉ် ကာလမှာ ဆေးကွမ်းစားတာ၊ ဆေးလိပ်သောက်တာတွေ လုပ်မိပြီဆိုရင် မွေးဖွား လာမယ့် သန္ဓေသားမှာ မွေးရာပါနှလုံးရောဂါ၊ ခန္ဓာကိုယ်တည်ဆောက်ပုံ ပျက်ယွင်းမှု၊ အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲစတဲ့ ကုသိုလ်ကံအားနည်းတဲ့ မွေးရာပါ မျိုးရိုးရောဂါ (Inherited and Congenital diseases)တွေ ဖြစ်တတ်တယ်လေ"

"အင်မတန် သတိထားရှောင်ကြဉ်ရမယ့် အချက်တစ်ခုပဲနော်"

"အေး–တစ်ကိုယ်ရေသန့်ရှင်းမှုနဲ့ ကျန်းမာရေးအသိတရားရှိမှု အားနည်း တာတွေကြောင့် ရှင်းရှင်းပြောရရင် ကွမ်းတံတွေးကို အဆောက်အအုံနံရံတွေ၊ လူသွားစင်္ကြံတွေ၊ လူအများစုဝေးရာ ကားမှတ်တိုင်တို့၊ ဆေးရုံတို့၊ ရုံး၊ ရုပ်ရှင်ရုံ၊ အများပြည်သူအပန်းဖြေသည့် ပန်းခြံဥယျာဉ်များ၊ စားသောက်ဆိုင် စတဲ့ နေရာတွေမှာ စည်းကမ်းမဲ့စွာထွေးတာတို့၊ ပြည်သူအများ စီးနင်း လိုက်ပါတဲ့ ခရီးသည်တင်ဘတ်စ်ကားကြီးတွေပေါ်မှာ အမှိုက်ပစ်ဖို့ သတ်မှတ် ပေးထားတဲ့ အမှိုက်ပုံးထဲကို ထွေးခံသဖွယ် ကွမ်းတံတွေး ထွေးပစ်တာတို့စတဲ့

"ဆရာရယ် ကွမ်းစား၊ ဆေးလိပ်သောက်တဲ့သူတွေဟာ မိမိတို့ သုံးစွဲနေတဲ့ ကုန်ကျစရိတ်ကို အမှုမဲ့အမှတ်မဲ့ နေလိုက်ကြတာနော်။ အဲဒီကွမ်းဖိုး၊ ဆေးလိပ်ဖိုးတွေကို မိသားစုအတွင်းမှာရှိတဲ့ မိမိအပါအဝင် အထူးသဖြင့် ကလေးသူငယ်တွေအတွက် အာဟာရ ဖြစ်စေမယ့် ဆန်၊ ဆီ၊ ပဲ၊ ကြက်ဥ စတဲ့ အစားအစာတွေအဖြစ် ပြောင်းလဲကျွေးမွေး ဖြည့်ဆည်းပေးလိုက်မယ်ဆိုရင် မိမိတစ်ဦးချင်းနဲ့ မိသားစုအတွက်သာမက တစ်တိုင်းပြည်လုံး အတွက် မျက်မှောက် ပစ္စက္ခကာလမှာရော နောင်အနာဂတ်မှာပါ ဘယ်လောက် အကျိုးရှိလိုက်မလဲခင်ဗျာ"

အမူအကျင့်တွေကြောင့် ကူးစက်ရောဂါ (Infectious Diseases)တွေ ဖြစ်စေ တယ်လေ"

"ဟုတ်တယ်ဆရာ၊ ကျွန်တော်တို့ ရန်ကုန်မြို့တော်အတွင်း ပြေးဆွဲနေတဲ့ လူအများစီးနင်းလိုက်ပါတဲ့ ခရီးသည်တင် ဘတ်စ်ကားကြီးတွေမှာ ယာဉ်ပေါ်က အမှိုက်နဲ့ ကွမ်းတံတွေးမထွေးဖို့၊ ယာဉ်ပေါ်မှာလည်း ကွမ်းမစားဖို့ သတိ ပေးတားမြစ်စာတန်းတွေရေးပြီး စည်းကမ်းချမှတ်တာတွေ၊ အဲဒီစည်းကမ်း ချက်တွေကို ကျူးလွန်ဖောက်ဖျက်လို့ အပြစ်ပေးအရေးယူတာတွေ၊ ဌာန ဆိုင်ရာရုံးတွေ၊ သန့်ရှင်းလှပတဲ့ အဆောက်အအုံကြီးတွေရဲ့အဝင်မှာ ကွမ်းစား ခြင်းကိုတားမြစ်တဲ့ သတိပေးဆိုင်းဘုတ်တွေ ရေးသားထားတာတွေဟာ သိပ်ကို လုပ်သင့်လုပ်ထိုက်၊ လိုက်နာသင့်လိုက်နာထိုက်တဲ့ စည်းကမ်းတွေပဲခင်ဗျ"

"အေး–ကွမ်းစားတဲ့သူတွေဟာ လျှာတွေထူလာမယ်၊ အပေါ်သွားနဲ့ အောက်သွားတွေ အကြိမ်ကြိမ် ပွတ်တိုက်မိလို့ သွားတွေအနေအထားပျက်တာ၊ သွားတွေမှာ ကွမ်းချိုးတွေကပ်ပြီး သွားအလှတွေပျက်စေတာတွေနဲ့ သွားဖုံး ရေစီးကမ်းပြိုလိုက်တဲ့ရောဂါတွေလည်း ဖြစ်လာတတ်တယ်၊ စားသောက်တဲ့ အစားအစာတွေရဲ့ အရသာမှန်ကို သိဖို့ခက်ခဲလာမယ်၊ ရှင်းအောင်ပြောရရင် ချဉ်တဲ့၊ စပ်တဲ့ အစားအစာတွေစားမိရင် ပုံမှန်အရသာထက် ပိုမိုလွန်ကဲပြီး ခံစားရလို့ အချဉ်အစပ် အရသာရှိတဲ့ အစားအစာတွေကို ရှောင်လေ့ရှိကြတယ် လေ၊ အဲဒီတော့ အာဟာရအနေနဲ့ တိုင်းရင်းဆေးပညာအလိုအရ ပြောရရင် ချို၊ ချဉ်၊ ငန်၊ ဖန်၊ စပ်၊ ခါးဆိုတဲ့ ရသာခြောက်ပါးစားသုံးမှု မမျှတတော့ဘဲ အနည်းဆုံး နှစ်ပါးချို့တဲ့လာမယ်၊ အဲဒီအခါ အာဟာရချို့တဲ့ရောဂါကို ဖြစ်စေတယ်၊ အာဟာရချို့တဲ့လာရင် နှလုံးရောဂါဖြစ်ဖို့ အလားအလာရှိလာပြန်တယ်၊ နောက်ပြီး ကွမ်းစားတဲ့သူတွေဟာ ကွမ်းကိုအမြဲငုံလေ့ရှိလို့ ပါးစောင်မြေးရောင်တာတွေ၊ ပါးစောင်မြေးအသားတွင်း ကင်ဆာရောဂါဖြစ်တာတွေ ဖြစ်တတ်ပြန်တဲ့အပြင် အစာအိမ်ရောဂါ၊ ဆီးလမ်းကြောင်းနှင့် ကျောက်ကပ်ဆိုင်ရာရောဂါ၊ ဆီးအိမ်မှာ ကျောက်တည်ခြင်း၊ သလိပ်နဲ့ တံတွေးကို အခြေခံဖြစ်ပွားတတ်တဲ့ အဆုတ် ရောဂါ စတာတွေ ဖြစ်တတ်ပြန်သေးတယ်"

"ဟုတ်တယ်ခင်ဗျ၊ မကြာသေးခင်ကပဲ သတင်းစာတွေထဲမှာ အနောက်တိုင်း ဆေးပညာရှင်ကြီးနှစ်ဦးတို့ ရေးသားတဲ့ အသက်ရှည်ကျန်းမာ စားသောက် နေထိုင်ရာ ဆောင်းပါးနဲ့ အသက်ရှည်စွာ အနာမဲ့ရေး ဆောင်းပါးတွေကို ဖတ်လိုက်ရတဲ့အထဲမှာ ဘဝတစ်သက်တာအတွက် ကျန်းမာရေးကောင်းမွန် စေဖို့နဲ့ ထိန်းသိမ်းစောင့်ရှောက်ဖို့ လိုအပ်ချက်တွေဟာ မျှတတဲ့အစားအစာ စားတတ်မှု (Balanced Diet) နဲ့ ကျန်းမာတဲ့လူနေမှုပုံစံ (Healthy Life Style) တို့ဖြစ်ပြီး လူသားတွေ ကျန်းမာရေးညီညွတ်စေဖို့ ဘယ်လိုအစား အသောက်တွေ ရွေးချယ်စားသောက်ရမယ်၊ ဘယ်လိုကျင့်ကြံနေထိုင်ရမယ် ဆိုတာတွေကို ပညာပေးထားသလို အသက်ရှည်စွာ အနာမဲ့ရေးဆောင်းပါးမှာ လူတိုင်းလက်လှမ်းမီပြီး သိရှိနားလည်နိုင်၊ ကျင့်ကြံအားထုတ်နိုင်တဲ့ ကျန်းမာပြီး အသက်ရှည်ဖို့အတွက် မြတ်ဗုဒ္ဓဟောကြားခဲ့တဲ့ အသက်ရှည်စွာ အနာမဲ့ရေး အကြောင်းတရား ငါးပါးကို တိုင်းရင်းဆေးဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန်များနဲ့ တစ်ချက်ချင်း ပြည့်စုံစွာ ရေးသားထားတာတွေနဲ့ ယှဉ်ထိုးသုံးသပ်လိုက်ရင် ကွမ်းစားတဲ့အလေ့အထဟာ အသက်ရှည်စွာ အနာမဲ့ရေးအတွက် ရှောင်ကြဉ် ရန် အချက်တစ်ခုပါပဲ"

"အဲဒီဆောင်းပါးတွေရဲ့ အဓိကရည်ရွယ်ချက်ကိုပြောရရင် လူသားတွေရဲ့ အသက်ရှည်စွာ အနာမဲ့ရေးအတွက် မြတ်ဗုဒ္ဓ ဟောကြားခဲ့တဲ့ အကြောင်း တရားငါးပါးထဲမှာ တစ်ပါးအပါအဝင်ဖြစ်တဲ့ မိမိနဲ့ **သပ္ပါယ**ဖြစ်တဲ့ အစား အသောက်ကို ရွေးချယ်စားသုံးရမည်။ **သပ္ပါယ**မျှတဲ့ အစားအစာကိုလည်း အတိုင်းရှိ ပမာဏသိစွာ သုံးစွဲအပ်၏။ **သပ္ပါယမတ္တံ ဇာနာတိ**လို့ ဟောကြား ချက်ပဲပေါ့"

"ဒါဆိုရင် အဲဒီဆောင်းပါးတွေက ညွှန်းဆိုထားတဲ့ လူတွေရဲ့ ကျန်းမာရေး အတွက် ဆောင်ရန်/ရှောင်ရန်အနေနဲ့ ရှောင်ရန်ဖြစ်တဲ့ ကွမ်းစားတာ၊ ဆေးလိပ်သောက်တာတို့အနက် ပတ်ဝန်းကျင် သန့်ရှင်းရေးအတွက်ရော၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကျန်းမာရေးအတွက်ပါ အရေးကြီးလှတဲ့ ကွမ်းစားတဲ့ အလေ့အထနဲ့ပတ်သက်ပြီး အခုရတဲ့ အချိန်တိုလေးမှာ အထူးပြောပြ ပေးစေချင်ပါတယ်ခင်ဗျာ"

"ပြောပြပါ့မယ်၊ မောင်ရင်လေ့လာထားတဲ့ တိုင်းရင်းဆေးပညာရဲ့ ရှုထောင့်အရ ကွမ်းစားတာနဲ့ ပတ်သက်ပြီး ဘယ်လိုဆိုးကျိုးတွေ ရှိတယ် ဆိုတာ ပြောပြပါဦး"

"ကွမ်းစားတယ်ဆိုတဲ့ ကွမ်းယာထဲမှာ ကွမ်းရွက်နဲ့အတူ အဓိက အမယ်ပစ္စည်းများဖြစ်တဲ့ ကွမ်းသီး၊ ထုံး၊ ဆေးရွက်၊ စမုံစပါး၊ နွယ်ချို၊ ပရုတ် စတာတွေပါတယ်ပေါ့။ ကွမ်းရွက်ဟာ များများစားရင် ဝမ်းချုပ်စေတတ် တယ်။ ကွမ်းသီးကျပြန်တော့ စိတ်အာရုံကို ယစ်မူးစေခြင်း၊ ထိုင်းမှိုင်းစေခြင်း၊ ဝမ်းဗိုက်ကို အောင့်စေခြင်းတို့ဖြစ်စေတယ်။ ထုံးကတော့ အစားများရင် ဆီး လမ်းကြောင်းနဲ့ ကျောက်ကပ်ဆိုင်ရာ ရောဂါတွေ၊ ဆီးအိမ်မှာ ကျောက်တည် တာတွေ ဖြစ်တတ်တယ်ဆိုတာ လူတိုင်းလိုလို သိကြပါတယ်။ စမုံစပါး အစားများရင် အဆုတ်ရောင်တာ၊ အသက်ရှူလမ်းကြောင်းမှာ ပြင်းထန်တဲ့ အနာ တွေဖြစ်တတ်တာ၊ နွယ်ချိုအစားများရင် အားအင်ကုန်ခန်းတာ၊ ခေါင်းကိုက် တာ၊ ထိုင်းမှိုင်းလေးလံတာ၊ မျက်နှာနဲ့ ခြေလက်တွေ ဖောရောင်တာ၊ သွေး ပေါင်ချိန် မြင့်တက်လာတာကနေ နှလုံးခုန်ရပ်တဲ့အထိ အန္တရာယ်ဖြစ်စေ တယ်ဆိုတာကို တိုင်းရင်းဆေးဆိုင်ရာ မဂ္ဂဇင်းစာစောင်တွေနဲ့ အနောက်တိုင်း ဆေးပညာစာစောင်တွေမှာ ရေးသားထားတာ လေ့လာရဖူးပါတယ်ခင်ဗျာ"

"အေး–ကွမ်းစားခြင်းရဲ့ ဆိုးကျိုးကို စောစောကပြောခဲ့တဲ့ အနောက်တိုင်း ဆေးပညာရှုထောင့်အရ ရောဂါဖြစ်ရခြင်းအကြောင်းတရားတွေနဲ့ ဆက်စပ်ပြီး ပြောရရင် ကွမ်းစားတာများခြင်းကြောင့် ပါးစောင်မြေးရောင်တဲ့အဆင့်ကနေ ပါးစောင်မြေးမှာ အသားမာတွေဖြစ်ပေါ်ပြီး ကင်ဆာရောဂါအဖြစ် ကူးပြောင်း လာတာတွေ၊ ပါးစပ်၊ လျှာ၊ အစာပြွန်၊ လည်မျိုပြွန်ဝ၊ ဆီးအိမ်ကင်ဆာတွေနဲ့ အခြားကင်ဆာရောဂါတွေ ဖြစ်တတ်လို့ အသစ်ဖြစ်ပေါ်လာတဲ့ အသားစိုင်များ သို့မဟုတ် ကင်ဆာရောဂါ (New Growth or Cancer)ဆိုတဲ့ ရောဂါဖြစ် ရခြင်းအကြောင်း အမျိုးအစားထဲ ပါဝင်သွားသလို ဦးနှောက်နဲ့ အာရုံကြောတွေ အားနည်းစေခြင်း၊ အရွယ်ကို ရင့်ရော်စေခြင်း၊ သွေးကြောပိတ်ခြင်း၊ နှလုံး သွေးကြောကျဉ်းခြင်း၊ ရုတ်တရက် နှလုံးသွေးရပ်ခြင်းနဲ့ လေဖြတ်ခြင်း စတဲ့ ရောဂါတွေ ဖြစ်စေတဲ့အတွက် သွေးကြော၊ ဦးနှောက်အာရုံကြောနှင့် ဇရာကြောင့်ဖြစ်သောရောဂါ (Vascular&Degenerative disorders)အမျိုး အစားထဲပါသွားတယ်"

"ဟုတ်တယ်ခင်ဗျ၊ ဆရာ အခုပြောသွားတဲ့ ဖြစ်တတ်တဲ့ရောဂါတွေနဲ့ ပတ်သက်ပြီး ကျန်းမာရေးဦးစီးဌာနက ပညာပေးဖြန့်ဝေခဲ့တဲ့ လက်ကမ်း စာစောင်လေးမှာ ဖတ်ခဲ့ဖူးတာ အခု ဆရာပြောလိုက်တော့ ပြည့်ပြည့်စုံစုံ သိသွားရတယ်လေ။ ဆရာပြောသလို ကွမ်းစားတဲ့သူအများစုဟာ အရွယ် ရင့်ကြတာ၊ အစာအိမ်ရောဂါနဲ့ သွေးကြောပိတ်ရောဂါတွေလည်း ဖြစ်လေ့ရှိကြ တာ လေ့လာမှတ်သားရဖူးပါတယ်။ နောက်ပြီး ကွမ်းစားလေ့ရှိတဲ့သူဟာ စားနေကျအချိန်မှာ မစားရရင် ဇောချွေးပြန်ပြီး ရင်တုန်သလို၊ မူးသလို တံတွေးတပျစ်ပျစ်နဲ့ အလိုမကျမှုတွေ ဖြစ်တတ်တယ်ဆို"

"ဟုတ်တာပေါ့။ ကွမ်းစားချိန်ကျရောက်လို့ မစားရရင် ဒေါသထွက် တာတို့၊ ရင်တုန်တာတို့၊ မောပန်းနွမ်းနယ်တာတို့၊ အလိုမကျတာတို့ ဖြစ်စေ တတ်လို့ စောစောကပြောခဲ့တဲ့ ကျန်းမာရေးဥပဒေကို ချိုးဖောက်ခြင်း (Violations of Law of Health) ဆိုတဲ့ ရောဂါဖြစ်ရခြင်းအကြောင်းတစ်ရပ် ထဲမှာ အကျုံးဝင်သွားတာပေါ့ကွယ်"

"ဟုတ်ပါတယ်ခင်ဗျ၊ လူတွေအသက်ရှည်စွာ အနာမဲ့ရေးအတွက် မျှတတဲ့ အာဟာရကိုလည်း မဖြစ်၊ ရောဂါဖြစ်ခြင်း အကြောင်းတရားတွေနဲ့လည်း အကျုံးဝင်၊ ဖြစ်ပွားသည့် ရောဂါများအတွက် ကုသမှု ကုန်ကျရသည့်အတွက် မိသားစုဝင်ငွေကိုလည်း ထိခိုက်စေတဲ့ ကွမ်းစားခြင်းအလေ့အထကို ပြည်သူအများ သိရှိနားလည် သဘောပေါက်ပြီး ရှောင်ကြဉ်နိုင်ဖို့ရေးသား တင်ပြလိုက်ပါ့မယ် ဆရာ"။ ။

✡ **ကျောဖုံးမှ**

ဦးစိုးတင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဧည့်သည်တော်အဖွဲ့နှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. Li Jinjun လည်း တက်ရောက်သည်။ ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စု မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ဆက်သွယ်ရေးကဏ္ဍဆိုင်ရာတို့တွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။ (သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Telecom **မှ** Executive Vice President, H.E. Mr. Li Ping **နှင့် အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဗေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

ရန်ကုန်အဝေးသင်တက္ကသိုလ်၏ ၂၀၀၄ ပညာသင်နှစ် ဒုတိယအသုတ် အနီးကပ်ပို့ချသင်တန်းနှင့် စာစစ်ဌာနများအစီအစဉ်ကြေညာ

ရန်ကုန် စက်တင်ဘာ ၉

ရန်ကုန်အဝေးသင်တက္ကသိုလ်၏ ၂၀၀၄ပညာသင်နှစ် ဒုတိယအသုတ် အနီးကပ်ပို့ချသင်တန်းများကို ၁၁–၁၀–၂၀၀၄ ရက်မှ ၂၀–၁၀–၂၀၀၄ ရက်အထိလည်းကောင်း၊ အတန်းတင်စာမေးပွဲများကို ၂၅–၁၀–၂၀၀၄ ရက်မှ ၂–၁၁–၂၀၀၄ ရက်အထိလည်းကောင်း ဒဂုံတက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ မော်လမြိုင်တက္ကသိုလ်၊ ပုသိမ်တက္ကသိုလ်၊ စစ်တွေတက္ကသိုလ်၊ ပြည်တက္ကသိုလ်၊ တောင်ငူတက္ကသိုလ်၊ ထားဝယ်တက္ကသိုလ်၊ ဟင်္သာတတက္ကသိုလ်၊ ဘားအံတက္ကသိုလ်၊ မြိတ်တက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ မအူပင်တက္ကသိုလ်နှင့် ပဲခူးဒီဂရီကောလိပ်စာစစ်ဌာနများ၌ ကျင်းပမည်ဖြစ်သည်။

ရန်ကုန်အဝေးသင်တက္ကသိုလ် ဒဂုံဌာနခွဲ(ဒဂုံတက္ကသိုလ်)တွင် မှတ်ပုံတင်ထားသော ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် ဝိဇ္ဇာ၊ ဥပဒေအထူးပြုများနှင့် စတုတ္ထနှစ် ဥပဒေအထူးပြုကျောင်းသားများသည် ဒဂုံတက္ကသိုလ်တွင် အနီးကပ်ပို့ချသင်တန်းများ တက်ရောက်ကြရမည်ဖြစ်သည်။ ပထမနှစ် ပထဝီဝင်အထူးပြုကျောင်းသားများသည် အထက(၁)အင်းစိန်၊ အထက(၂)အင်းစိန်နှင့် အထက(၄)အင်းစိန်တို့၌လည်းကောင်း၊ ပထမနှစ်ရသစာပေအထူးပြုကျောင်းသားများသည် အထက(၄)အင်းစိန်၌လည်းကောင်း၊ ပထမနှစ် ဥပဒေအထူးပြုကျောင်းသားများသည် အထက(၃)အင်းစိန်၊ အထက(၅)အင်းစိန်နှင့် အထက(၃) မြောက်ဥက္ကလာပတို့၌လည်းကောင်း၊ ပထမနှစ် အရှေ့တိုင်းပညာအထူးပြုကျောင်းသားများသည် အထက(၃)မြောက်ဥက္ကလာပ၌လည်းကောင်း၊ ပထမနှစ် ဒဿနိကဗေဒ အထူးပြုကျောင်းသားများသည် အထက(၁)မြောက်ဥက္ကလာပနှင့် အထက(၂) မြောက်ဥက္ကလာပတို့၌လည်းကောင်း၊ ပထမနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသားများသည် အထက(၂)မြောက်ဥက္ကလာပနှင့် အထက(၄)မြောက်ဥက္ကလာပတို့၌လည်းကောင်း၊ ပထမနှစ် စိတ်ပညာအထူးပြုကျောင်းသားများသည် အထက(၄)မြောက်ဥက္ကလာပနှင့် အထက(၅)မြောက်ဥက္ကလာပတို့၌လည်းကောင်း၊ ပထမနှစ် သမိုင်းအထူးပြုကျောင်းသားများသည် အထက(၁)တောင်ဥက္ကလာပ၊ အထက(၂) တောင်ဥက္ကလာပနှင့် အထက(၄) တောင်ဥက္ကလာပတို့၌လည်းကောင်း၊ ပထမနှစ် မြန်မာစာ အထူးပြုကျောင်းသားများသည် အထက(၄)ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ အထက(၃)ဒဂုံမြို့သစ်(မြောက်ပိုင်း)နှင့် အထက(၁)ဒဂုံမြို့သစ်(မြောက်ပိုင်း) တို့၌လည်းကောင်း၊ ပထမနှစ် မြန်မာမှုပညာအထူးပြုကျောင်းသားများသည် အထက(၁)ဒဂုံမြို့သစ်(မြောက်ပိုင်း)၌လည်းကောင်း၊ ဒုတိယနှစ် မြန်မာစာ အထူးပြု ကျောင်းသားများသည် အထက(၁) ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ အထက(၃)ဒဂုံမြို့သစ်(မြောက်ပိုင်း)နှင့် အထက(၄)ဒဂုံမြို့သစ်(မြောက်ပိုင်း)တို့၌ လည်းကောင်း စာမေးပွဲဖြေဆိုကြရမည်ဖြစ်သည်။ ကျန်ဒုတိယနှစ်နှင့် တတိယနှစ် ဝိဇ္ဇာ၊ ဥပဒေအထူးပြု အားလုံးနှင့် စတုတ္ထနှစ်ဥပဒေအထူးပြုကျောင်းသားများသည် ဒဂုံတက္ကသိုလ်၌ စာမေးပွဲဖြေဆိုကြရမည်ဖြစ်သည်။

ရန်ကုန်အဝေးသင်တက္ကသိုလ် အရှေ့ပိုင်းဌာနခွဲ (ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၌ မှတ်ပုံတင်ထားသော ပထမနှစ်နှင့် ဒုတိယနှစ်၊ တတိယနှစ်ဝိဇ္ဇာ၊ ဥပဒေအထူးပြုများနှင့် စတုတ္ထနှစ် ဥပဒေအထူးပြုကျောင်းသားများသည် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၌ အနီးကပ်ပို့ချသင်တန်းများကို တက်ရောက်ကြရမည်ဖြစ်သည်။ ပထမနှစ် ဥပဒေအထူးပြုကျောင်းသားများသည် အထက(၁) သန်လျင်နှင့် အထက(၂)သန်လျင်တို့၌လည်းကောင်း၊ ပထမနှစ် အင်္ဂလိပ်စာအထူးပြုကျောင်းသားများသည် အထက(၂)သန်လျင်၌လည်းကောင်း၊ ပထမနှစ် ဒဿနိကဗေဒအထူးပြုကျောင်းသားများသည် အထက(၃) သန်လျင်၌ လည်းကောင်း၊ ပထမနှစ် စိတ်ပညာအထူးပြုကျောင်းသားများသည် အထက(၄) သန်လျင်၌လည်းကောင်း၊ ပထမနှစ် သမိုင်းအထူးပြု ကျောင်းသားများသည် အထက(၁)သာကေတနှင့် အထက(၄)သာကေတတို့၌လည်းကောင်း၊ ပထမနှစ် ပထဝီဝင်အထူးပြုကျောင်းသားများသည် အထက(၂)သာကေတနှင့် အထက(၃) သာကေတတို့၌လည်းကောင်း၊ ဒုတိယနှစ် သမိုင်းအထူးပြုကျောင်းသားများသည် အထက(၁)သန်လျင်၌လည်းကောင်း စာမေးပွဲဖြေဆို ကြရမည်ဖြစ်သည်။ ကျန်ပထမနှစ်၊ဒုတိယနှစ်နှင့် တတိယနှစ်ဝိဇ္ဇာ၊ ဥပဒေနှင့်စတုတ္ထနှစ် ဥပဒေအထူးပြုကျောင်းသားများသည် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၌ စာမေးပွဲဖြေဆိုကြရမည်ဖြစ်သည်။

ရန်ကုန်အဝေးသင်တက္ကသိုလ် အနောက်ပိုင်းဌာနခွဲ(ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်)၌ မှတ်ပုံတင်ထားသော ပထမနှစ်နှင့်ဒုတိယနှစ်ဝိဇ္ဇာ၊ ဥပဒေအထူးပြုကျောင်းသားများသည် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၌ အနီးကပ်ပို့ချသင်တန်းများ တက်ရောက်ကြရမည်ဖြစ်သည်။ ပထမနှစ် ပထဝီဝင်အထူးပြုကျောင်းသားများသည် အထက(၁)ရွှေပြည်သာ၊ အထက(၃) ရွှေပြည်သာနှင့် အထက(၄) ရွှေပြည်သာတို့၌လည်းကောင်း၊ ပထမနှစ် သမိုင်းအထူးပြု ကျောင်းသားများသည် အထက(၂) ရွှေပြည်သာ၌လည်းကောင်း၊ ပထမနှစ် အင်္ဂလိပ်စာအထူးပြုကျောင်းသားများသည် အထက(၄) ရွှေပြည်သာ၌လည်းကောင်း၊ ဒုတိယနှစ် ပထဝီဝင်အထူးပြုနှင့် ဒုတိယနှစ် အင်္ဂလိပ်စာအထူးပြုကျောင်းသားများသည် အထက(၃)ရွှေပြည်သာ၌လည်းကောင်း စာမေးပွဲဖြေဆိုကြရမည် ဖြစ်သည်။ ကျန်ပထမနှစ်နှင့် ဒုတိယနှစ်ဝိဇ္ဇာ၊ ဥပဒေအထူးပြုကျောင်းသားများသည် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၌ စာမေးပွဲဖြေဆိုကြရမည်ဖြစ်သည်။

ရန်ကုန်အဝေးသင်တက္ကသိုလ်၏ နယ်ဌာနခွဲအသီးသီး၌ မှတ်ပုံတင်ထားသည့် ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ်ဝိဇ္ဇာ၊ဥပဒေအထူးပြုကျောင်းသားများနှင့် စတုတ္ထနှစ် ဥပဒေအထူးပြု ကျောင်းသားများသည် မိမိတို့နှင့်သက်ဆိုင်သော တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၌ အနီးကပ်ပို့ချသင်တန်းများကို တက်ရောက်ပြီး စာမေးပွဲဖြေဆိုကြရမည်ဖြစ်သည်။

အသေးစိတ်အစီအစဉ်ကြေညာချက်ကို သက်ဆိုင်ရာအဝေးသင်တက္ကသိုလ် ဌာနခွဲများနှင့် အခြေခံပညာအထက်တန်းကျောင်းများ၌ ကြေညာထားမည်ဖြစ်သည်။ (သတင်းစဉ်)

ကွယ်လွန်သူ ဖခင် ဦးထက်ချင့်နှင့် ဦးရင်တို့အားရည်စူးပြီး ဒေါ်အေးအေးခင်နှင့် ဒေါ်မြင့်မြင့်တို့အား အမှူးထား၍ အမှတ်(၂၁) အောင်သပြေလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဦးအောင်မြင့်–ဒေါ်စိမ်းစိမ်းမိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေး၊ ငွေပဒေသာပင် အလှူငွေကျပ် ၃၇၀၀၀၀ ကို ဩဂုတ် ၁၃ ရက်က လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့–အဖွဲ့ဝင် ဒေါက်တာ တင်သိန်းလွင် (အငြိမ်းစားဗိုလ်မှူးကြီး) လက်ခံယူစဉ်။ (က–ပ)

နိဗ္ဗာန်ရောက်ကြောင်းတရားဟောကြားမည်

ရန်ကုန် စက်တင်ဘာ ၉

ရန်ကုန်တိုင်း ဒလမြို့နယ် ညောင်ကုန်းရပ်ကွက် ညောင်ကုန်းဗေယျာဝတီကျောင်းတိုက်၌ စက်တင်ဘာ ၁၁ ရက်(စနေနေ့)တွင် မဟာဓမ္မကထိက ဉာဏာဒီပ ဆရာတော် ဦးဇဋိလကလည်းကောင်း ၊ စက်တင်ဘာ ၁၂ရက် (တနင်္ဂနွေနေ့)တွင် အောင်ခြင်းဆရာတော် ဦးကုဏ္ဍလကလည်းကောင်း ညစဉ် ၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားမည်ဖြစ်သည်။ (က–ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၀–၉–၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ **မင်းကွန်းဆရာတော်ကြီး၏ ထေရုပ္ပတ္တိမော်ကွန်း (စတုတ္ထဆယ်စုနှစ်) (အပိုင်း–၁)**
- ၈:၀၅ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၁၅ ၆။ အကပြိုင်ပွဲ
- ၈:၂၀ ၇။ ကြေးမုံရိပ်သွင်တေးနှယ်ဉ်
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ English for Everyday Use.
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏ ။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ Demonstration Exercises for Correct Pronunciation.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ဓာတုဗေဒ)
- ၅:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
- ၅:၃၀ ၇။ ၂၀၀၄ခုနှစ်၊ ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် မဟာဂီတ (ဝါသနာရှင်အဆင့်)(အမျိုးသား၊အမျိုးသမီး)
- ၅:၄၀ ၈။ နည်းစနစ်မှန်မှန် အားကစားအခြေခံ
- ၅:၅၀ ၉။ လက်ဆင့်ကမ်းပေး ဂီတတေး
- ၅:၅၅ ၁၀။ မြန်မာစာ၊ မြန်မာစကား
- ၆:၁၀ ၁၁။ တေးဂီတအစီအစဉ်
- ၆:၂၀ ၁၂။ Discovery.
- ၆:၃၀ ၁၃။ ညနေခင်းသတင်း
- ၇:၀၀ ၁၄။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "လူရွှန်လူကောင်း"(အပိုင်း–၁၀)**
- ၇:၃၅ ၁၆။ **အနုပညာရှင်များ စုံလင်စွာပါဝင်ရွက်လှေအားကစားရန်ပုံငွေပွဲ အစီအစဉ်**
- ၇:၄၅ ၁၇။ နှောင်းခေတ်တေးပဒေသာ
- ၈:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ **မြန်မာဗီဒီယိုဇာတ်လမ်း "အချစ်ဆူးလေး စူးသွားပြီ" (အပိုင်း–၂) (လူမင်း၊ ဇင်ဝိုင်း၊ အိန္ဒြာကျော်ဇင်) [ဒါရိုက်တာ–မောင်ဗေဒါ]**
- ၂၂။ နောက်တစ်နေ့အစီအစဉ်
- ၂၃။ အစီအစဉ်ပြီး၏ ။

✧ ရှေ့ဖုံးမှ

ဗိုလ်ချုပ်ရဲမြင့်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ မန္တလေးမြို့တော်ဝန်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့်အတူ အောင်ပင်လယ်ရပ်ရှိ အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံ (မန္တလေး)သို့ရောက်ရှိလာရာပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်

လုပ်ငန်းဆိုင်ရာ မှာကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေး အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံ (မန္တလေး) ရှင်းလင်းဆောင်တွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လုပ်ငန်းဆိုင်ရာများမှာကြားစဉ်။

(သတင်းစဉ်)

ရန်ကုန်မြို့အပြင် မန္တလေးမြို့၌ အစိုးရပုံနှိပ်စက်ရုံ သီးခြားထူထောင်နေပြီဖြ
ကျောင်းသုံးစာအုပ်များကို လုံလုံလောက်လောက် အချိန်မီရိုက်နှိပ်သွားနိုင်ရန် ညွှန်ကြ



သတင်းစာရိုက်နိုင်ရန် စီစဉ်

အထက်မြန်မာပြည် အစိုး... စက်ရုံ (မန္တလေး) အနေဖြင့် ... လုပ်ငန်းများအပြင် ကိုယ်ပွားသ... စာတိုက် (မန္တလေး) နှင့် ပူးပေါ... လိုအပ်ပါက သတင်းစာများကို... တိုးချဲ့ ရိုက်နှိပ်ပေးသွားနိုင်ရန် ... ထား။

ကျော်ဆန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ကျောင်းသုံးဖတ်စာအုပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက အထက်မြန်မာပြည် အခြေခံပညာကျောင်းသား၊ ကျောင်းသူများအတွက် လိုအပ်မည့် ကျောင်းသုံးဖတ်စာအုပ်များကို မန္တလေးမြို့၌ ရိုက်နှိပ်ပြီး အလွယ်တကူ ဖြန့်ဖြူးပေးနိုင်ရန် အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံ(မန္တလေး)ကို တည်ဆောက်ရခြင်း ဖြစ်ပါကြောင်း၊ ကျောင်းသုံးဖတ်စာအုပ်များ အပြင် နိုင်ငံတော်အဖွဲ့အစည်းများ၏ပုံနှိပ်လုပ်ငန်းများကိုပါ ဆောင်ရွက်ပေးသွားနိုင်မည် ဖြစ်ပါကြောင်း၊ နောင်တွင် တစ်နိုင်ငံလုံးအတွက် လိုအပ်သော အခြေခံပညာအဆင့် ကျောင်းသုံးစာအုပ်များကို ပြန်ကြားရေးဝန်ကြီးဌာနက လုံလုံလောက်လောက် ရိုက်နှိပ်ပေးနိုင်တော့မည် ဖြစ်ပါကြောင်းဖြင့် ပဏာမ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် စက်ရုံ၏ အဆောက်အအုံများဆောက်လုပ်ပြီးစီးမှု၊ခေတ်မီပတ်လည်ပုံနှိပ်စက် အပါအဝင် ဆက်စပ်ပုံနှိပ်စက်ပစ္စည်းများ ရောက်ရှိမှုနှင့် တပ်ဆင်ပြီးစီးမှု၊ စက္ကူ၊ မင်စသည့် ပုံနှိပ်လုပ်ငန်းသုံး ပစ္စည်းများ စုစည်းထားမှု၊ ရေရရှိရေးဆောင်ရွက်ပြီးစီးမှု၊ လျှပ်စစ်ဓာတ်အား ၂၄ နာရီ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံ (မန္တလေး) လေးယူနစ် ပတ်လည်ပုံနှိပ်စက် တပ်ဆင်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရရှိရေးညှိနှိုင်း ဆောင်ရွက်ထားမှု၊ ဝန်ထမ်းဖွဲ့စည်းပုံ၊စက်ရုံဝင်းအတွင်း အရိပ်ရ လေကာပင်နှင့် သီးနှံပင်များ စိုက်ပျိုးထားရှိမှုများကို ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ရ... မန္တလေးမြို့၌အစိုးရပုံနှိပ်... ထူထောင်နေပြီဖြစ်၍ ... စာအုပ်များကို လုံလုံလေ... အချိန်မီရိုက်နှိပ်သွားနိုင်... ဆောင်ရွက်သွားကြရန်...

ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး မဟာမုနိရုပ်ရှင်တော်မြတ်အား ဖူးမြော်

ရန်ကုန် စက်တင်ဘာ ၉

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ကာကွယ်ရေးဦးစီးချုပ်(လေ)၊တိုင်းမှူးများ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ မန္တလေးမြို့တော်ဝန်နှင့် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ စက်တင်ဘာ ၇ရက် ညပိုင်းတွင် မန္တလေးမြို့ မဟာမုနိဘုရားကြီးသို့ သွားရောက်ပြီး ရှေးဦးစွာ မဟာမုနိရုပ်ရှင်တော်မြတ်အား ဖူးမြော်ကြည်ညိုကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် မဟာမုနိရုပ်ရှင်တော်မြတ်အား ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဘုရားကြီးအတွက် အလှူတော်ငွေများကို ဂေါပက အဖွဲ့ဝင်များအား ပေးအပ်လှူဒါန်းသည်။ (သတင်းစဉ်)

အလှူငွေများ ပေးအပ်လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်အား ဖူးမြော်ကြည်ညိုပြီး အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဖူးမြော် ကြည်ညို

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များ မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်အား ဖူးမြော်ကြည်ညိုကြစဉ်။ (သတင်းစဉ်)

နေပြီဖြစ်၍ ... န် ညှိနှိုင်းစီမံ

...င်ရန် စီစဉ်ထား

...ပြည် အစိုးရပုံနှိပ် ...) အနေဖြင့် ပုံနှိပ် ... ကိုယ်ပွားသတင်း ...) နှင့် ပူးပေါင်းပြီး ...းစာများကိုလည်း ... သွားနိုင်ရန် စီစဉ်

...မှူးကြီးမောင်အေးက ရန်ကုန်မြို့အပြင် မန္တလေးမြို့၌အစိုးရပုံနှိပ်စက်ရုံသီးခြား ထူထောင်နေပြီဖြစ်၍ ကျောင်းသုံးစာအုပ်များကို လုံလုံလောက်လောက် အချိန်မီရိုက်နှိပ်သွားနိုင်အောင်ညှိနှိုင်းစီမံ ဆောင်ရွက်သွားကြရန်မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် လေးယူနစ်ပတ်လည် ပုံနှိပ်စက် တပ်ဆင်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

တိုးချဲ့ရိုက်နှိပ်မည်

အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံ (မန္တလေး) အနေဖြင့်ပုံနှိပ်လုပ်ငန်းများအပြင် ကိုယ်ပွားသတင်းစာတိုက် (မန္တလေး) နှင့်ပူးပေါင်းပြီး လိုအပ်ပါက သတင်းစာများကိုလည်း တိုးချဲ့ရိုက်နှိပ်ပေးသွားနိုင်ရန် စီစဉ်ထားသည်။

ရိုက်နှိပ်ထုတ်ဝေ

ပြည်သူများအနေဖြင့် နေ့စဉ်ထုတ်သတင်းစာများကို ရက်မခြား နေ့ချင်းဖတ်ရှုနိုင်စေရေးအတွက် မန္တလေးမြို့အပြင် ကလေး၊ မြစ်ကြီးနား၊လားရှိုး၊ တောင်ကြီး၊ ကျိုင်းတုံ၊မကွေးနှင့် စစ်တွေမြို့တို့၌လည်း ကိုယ်ပွားသတင်းစာတိုက်များ ဖွင့်လှစ်ပြီး သတင်းစာများကို ရိုက်နှိပ်ထုတ်ဝေပေးလျက်ရှိပြီဖြစ်သည်။

ကိုယ်ပွားသတင်းစာတိုက်

ထို့အပြင် တနင်္သာရီတိုင်း မြိတ်မြို့၌လည်း ကိုယ်ပွားသတင်းစာတိုက်တစ်ခုကို မကြာမီ ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက် နေပြီဖြစ်ကြောင်း သိရှိရသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် စက်တင်ဘာ ၈ ရက် နံနက်ပိုင်းတွင် တပ်မတော်လေယာဉ်ဖြင့် မန္တလေးမြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံ (မန္တလေး)

အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံ(မန္တလေး)တည်ဆောက်ရေးလုပ်ငန်းခွင်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ပုပ္ပားကျောင်းတိုက် ... တရားစခန်းကျင်းပမ...

ရန်ကုန် စက်တင်ဘာ ၉

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို... ထောက်ကြန့် ပုပ္ပားကျောင်း... နာယက ဘဒ္ဒန္တပဏ္ဍိစ္စ ကြီ... ၁၃၆၆ ခုနှစ် တော်သလင်းလ... ကျော် ၂ ရက်မှ လပြည့်... ၁၂ရက် (စက်တင်ဘာ ၁၀ ... အောက်တိုဘာ၁၀ရက်)အထိ(၅၂... မြောက် အဓိဋ္ဌာန်ပွဲ၊ အနန္တေ... ငါးပါးပူဇော်ပွဲ၊ ခင်ပွန်းကြီးဆ... ပူဇော်ပွဲ၊ ဒုလ္လဘရဟန်းခံပွဲ၊ သ... ၅၂ဦးပူဇော်ပွဲ၊ သတ္တဝါဘေးမဲ့လွ... ပါရမီဆယ်ပါးပြုကျင့်ပွဲ၊ ... ပဏ္ဍိစ္စအား(၁၂၈)ကြိမ်မြောက် ... ထပ်ပွဲနှင့် မဟာသတိပဋ္ဌာန်ဝိပ... တရားစခန်းပွဲများ ကျင်းပမည်... အရက်ဆွမ်း၊နေ့ဆွမ်းလှူဒါန်းလို... ယောဂီများ ဖုန်း-၆၀၀၀... ဆက်သွယ်နိုင်ကြောင်း သိရ... (က...

စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဝန်ကြီး ဦးတင်ဝင်း (၃၆)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေး တက်ရောက်စဉ်။ (အလုပ်သမား)

အာဆီယံ စီးပွားရေးဝန်ကြီးများ အစည်းအဝေးမှ မြန်မာကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ

ရန်ကုန် အောက်တိုဘာ ၉

စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဝန်ကြီး ဦးတင်ဝင်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂ရက်မှ ၅ရက်အထိ အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမြို့၌ ကျင်းပခဲ့သော (၃၆)ကြိမ်မြောက် အာဆီယံ စီးပွားရေးဝန်ကြီးများ အစည်းအဝေးနှင့် ယင်းအစည်းအဝေးနှင့် ဆက်စပ်ကျင်းပသည့် အစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး စက်တင်ဘာ ၆ရက် ညပိုင်းတွင် လေယာဉ်ခရီးစဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။

ဝန်ကြီးနှင့် အဖွဲ့အား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးနှင့် လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဝန်ကြီးနှင့် အဖွဲ့သည် စက်တင်ဘာ ၂ရက် နံနက်ပိုင်းတွင် (၇)ကြိမ်မြောက် အာဆီယံ ရင်းနှီးမြှုပ်နှံမှုကောင်စီ အစည်းအဝေးနှင့် မွန်းလွဲပိုင်းတွင် (၁၈)ကြိမ်မြောက် အက်(ဖ်)တာကောင်စီအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

အက်(ဖ်)တာကောင်စီအစည်းအဝေးတွင် အဖွဲ့ဝင်နိုင်ငံများက စက်(CEPT)အစီအစဉ်အရ ဆက်လက်ဆောင်ရွက်ရန်ရှိသည့် ကိစ္စရပ်များကို ဆွေးနွေးသုံးသပ်ခဲ့ကြပြီး အာဆီယံဒေသ၏ ၂၀၀၂-၂၀၀၃ခုနှစ် ကုန်သွယ်မှု အခြေအနေကို လေ့လာသုံးသပ်ခဲ့ကြသည်။

ယင်းညနေ အစည်းအဝေး ပြီးဆုံးပြီးနောက် သတင်းစာရှင်းလင်းပွဲပြုလုပ်၍ သတင်းကြေညာချက် ထုတ်ပြန်ခဲ့သည်။

စက်တင်ဘာ ၃ရက် နံနက်ပိုင်း ၈နာရီခွဲတွင် အင်ဒိုနီးရှားနိုင်ငံ သမ္မတ မီဂါဝတီဆူကာနိုပူထရီက အာဆီယံ စီးပွားရေးဝန်ကြီးများနှင့် အာဆီယံ အတွင်းရေးမှူးချုပ်တို့ကို သမ္မတနန်းတော်၌ လက်ခံတွေ့ဆုံပြီး နံနက် ၉နာရီတွင် နိုင်ငံတော် အတွင်းဝန်ရုံး အစည်းအဝေးခန်းမ၌ (၃၆)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ကျင်းပခဲ့ရာ အင်ဒိုနီးရှားနိုင်ငံသမ္မတက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ လာအိုနိုင်ငံ ဗီယန်ကျန်းမြို့၌ ၂၀၀၄ခုနှစ် နိုဝင်ဘာလတွင် ကျင်းပမည့် အာဆီယံထိပ်သီးညီလာခံ၌ အာဆီယံ စီးပွားရေးဝန်ကြီးများ လက်မှတ်ရေးထိုးမည့် အငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာ အစီအစဉ်၏ အခြေပြစာချုပ်ကို လည်းကောင်း၊ နိုင်ငံ့ခေါင်းဆောင်များ လက်မှတ်ရေးထိုးမည့် ဦးစားပေးကဏ္ဍများဆိုင်ရာ ပေါင်းစည်းရေးဘောင်သဘောတူစာချုပ်ကို လည်းကောင်း၊ အာဆီယံ စီးပွားရေးဝန်ကြီးများက မူအားဖြင့် သဘောတူအတည်ပြုခဲ့ကြသည်။

ယင်းနေ့ မွန်းလွဲပိုင်းတွင် အာဆီယံ စီးပွားရေးဝန်ကြီးများနှင့် အာဆီယံ စီးပွားရေးအကြံပြုကောင်စီမှ အဖွဲ့ဝင်များသည် အလုပ်သဘောနေ့လည်စာစားသုံးကြသည်။ ညနေ ၆နာရီတွင် လက်မှတ်ရေးထိုးပွဲနှင့် သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့သည်။

စက်တင်ဘာ ၄ရက် နံနက် ၈နာရီခွဲတွင် အာဆီယံ+၁ နိုင်ငံများနှင့် တွေ့ဆုံဆွေးနွေးခဲ့ရာ နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကုန်သွယ်ရေးဝန်ကြီး Mr. Bo Xilai ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ဂျပန်နိုင်ငံ၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး Mr. Shiochi Nakagwa ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ မွန်းလွဲပိုင်းတွင် ကိုရီးယားပြည်သူ့သမ္မတနိုင်ငံ ကုန်သွယ်ရေးဝန်ကြီးဌာန Mr. Kim Hyun-Chong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် လည်းကောင်း၊ အာဆီယံ စီးပွားရေးဝန်ကြီးများ+၃ နိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့များနှင့် လည်းကောင်း၊ အာဆီယံ စီးပွားရေးဝန်ကြီးများ+၃နှင့် အရှေ့အာရှစီးပွားရေးကောင်စီအဖွဲ့ဝင်များနှင့် လည်းကောင်း ညှိနှိုင်းအစည်းအဝေးများ ဆက်လက်ကျင်းပသည်။

ယင်းနေ့ ညနေပိုင်းတွင် သတင်းစာရှင်းလင်းပွဲပြုလုပ်ပြီး သတင်းကြေညာချက်များ ထုတ်ပြန်ခဲ့သည်။ ညနေပိုင်းတွင် အင်ဒိုနီးရှားနိုင်ငံ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးမှ ကိုယ်စားလှယ်များအားလုံးကို ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

စက်တင်ဘာ ၅ရက် နံနက်ပိုင်းတွင် အာဆီယံစီးပွားရေးဝန်ကြီးများနှင့် အိန္ဒိယနိုင်ငံမှ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီး Mr. Kamal Nath ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၏ ညှိနှိုင်းအစည်းအဝေးကို လည်းကောင်း၊ ဆက်လက်၍ ဩစတြေးလျနိုင်ငံမှ ကုန်သွယ်ရေးဝန်ကြီး Mr. Mark Vaile၊ နယူးဇီလန်နိုင်ငံမှ ကုန်သွယ်ရေးညှိနှိုင်းမှု ဝန်ကြီး Mr. Jim Sutton တို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့၏ ညှိနှိုင်းအစည်းအဝေးကိုလည်းကောင်း ကျင်းပခဲ့သည်။ ယင်းနောက် အက်(ဖ)တာ-စီတီးအာရ် စီးပွားရေးကောင်စီ ကိုယ်စားလှယ်များကို ဝန်ကြီးများက လက်ခံတွေ့ဆုံဆွေးနွေးခဲ့သည်။

မွန်းလွဲပိုင်းတွင် ဥရောပသမဂ္ဂ (အီးယူ)မှ ကုန်သွယ်ရေးကော်မရှင်နာ Mr. Pascal Lamy ဦးဆောင်သော အဖွဲ့နှင့် ညှိနှိုင်းအစည်းအဝေးပြုလုပ်ခဲ့ရာ အာဆီယံနှင့် အီးယူအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ကိစ္စရပ်များကို အဓိက ဆွေးနွေးခဲ့သည်။

ညနေပိုင်းတွင် အာဆီယံစီးပွားရေးဝန်ကြီးများနှင့် ဆွေးနွေးဖက်နိုင်ငံများမှ ဝန်ကြီးများ၏ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့ပြီး ပူးတွဲသတင်း ကြေညာချက်များ ထုတ်ပြန်ခဲ့သည်။ (သတင်းစဉ်)

မဟာဝံသမြတ်ဗုဒ္ဓ ဒုတိယပိုင်း ထုတ်ဝေဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၉

ဗုဒ္ဓပူဇာ ဓမ္မပူဇာ အလင်္ကာတေးရတနာများကို ဗုဒ္ဓဘာသာဝင်သူတော်စင်များ ပူဇော်ကြည်ညို ကုသိုလ်ယူနိုင်ကြစေရန်အတွက် ဓမ္မတေးစာဆို ဣန္ဒာဆွေ ရေးဖွဲ့သီကုံးသည့် မဟာဝံသမြတ်ဗုဒ္ဓ ဒုတိယပိုင်း(၁) ဗွီစီဒီ၊ ဒီဗွီဒီနှင့် ကက်ဆက်ခွေများကို နိုင်ငံ့ဂုဏ်ရည်စာပေတိုက်က တစ်ပြည်လုံးသို့ ထုတ်ဝေဖြန့်ချိလိုက်သည်။

မြတ်ဗုဒ္ဓ၏ ဖြစ်တော်စဉ်များကို အပိုင်းလိုက်ခွဲခြား ပြုစုထုတ်ဝေလျက်ရှိသော မဟာဝံသမြတ်ဗုဒ္ဓ ဓမ္မတေးများအနက် ဒုတိယပိုင်း(၁)တွင် ဂီတမှူး စန္ဒရားကိုရည်နွယ်၊ တေးသံရှင် မောင်မောင်ကြီး၊ ရာဇာဝင်းတင့်၊ ကိုထွန်းရွှေ၊ ဖြူသီနှင့် ဂီတစာဆို မောင်မောင်လတ်တို့အပြင် မြန်မာ့မူတူရိယာအစုံအလင်ဖြင့် ဂီတပညာရှင်ကြီးများက လက်စွမ်းပြတီးခတ်ထားသော အဆိုပါ တေးစီးရီးခွေများကို နိုင်ငံ့ဂုဏ်ရည် စာပေတိုက် ၅၂၉/၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အဆောက်အအုံ ရန်ကုန်မြို့ ဖုန်း-၃၇၄၅၃၂၊ ၇၂၅၅၃၀နှင့် ကိုမင်းအောင်၊ မသန္တာကျော် စုပါပါဝါတေးဖြန့်ချိရေး အမှတ်(၅) ဝ-၅ ယုဇနပလာဇာ မြေညီထပ် ရန်ကုန် ဖုန်း-၇၀၄၈၁၄၊ ၂၀၀၇၄၇ (လိုင်းခွဲ-၁၂၅၆/၇၂၅၆)၊ မန္တလေးမြို့ ဈေးချိုဟိုတယ်၊ ဖုန်း- ၀၂-၃၉၄၉၄၊ ၀၂-၃၉၄၉၅တို့တွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ (က-ပ)

ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး စတုတ္ထအကြိမ် အဆို၊ အက၊ အတီး၊ အငြိမ့်ပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၉

ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ် စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ စတုတ္ထအကြိမ် အဆို၊အက၊အတီး၊အငြိမ့်၊ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယမန်နေ့နံနက် ၇နာရီခွဲက မန္တလေးမြို့ အမှတ်(၃) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲတွင် ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးညိုဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ ယဉ်ကျေးမှု တက္ကသိုလ်(မန္တလေး)မှ ပါမောက္ခချုပ် ဦးစန်းဝင်း၊ အနုပညာဦးစီးဌာနမှ ဦးအောင်မြင့်သန်းနှင့် အကဲဖြတ်အနုပညာရှင်ကြီးများ၊ ဖိတ်ကြားထားသူများ၊ အနုပညာဝါသနာရှင်များနှင့် ပြိုင်ပွဲဝင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးညိုဝင်းက အမှာစကားပြောကြား၍ အဆို၊ အက၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲတို့တွင် ပြိုင်ပွဲအမျိုးအစားအလိုက် အဖွဲ့လိုက်နှင့် တစ်ဦးချင်းဆုရရှိကြသူများအား ဗိုလ်မှူးကြီးညိုဝင်းနှင့် တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။ (သတင်းစဉ်)

ကျေးလက်စက်ရေတွင်းများ တူးဖော်လှူဒါန်းနိုင်

ရန်ကုန် စက်တင်ဘာ ၉

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအောက်ရှိ စည်ပင်သာယာရေးအဖွဲ့များသည် တိုင်းနှင့် ပြည်နယ်များရှိ ရေရှားပါးသည့် ကျေးလက်ဒေသများတွင် သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရေရှားပါးသည့် ကျေးလက်ဒေသများ၌ စက်ရေတွင်းများ တူးဖော်ဆောင်ရွက်လျက်ရှိရာ စက်ရေတွင်းလှူဒါန်းလိုသော စေတနာရှင်များအနေဖြင့် ၂လက်မ စက်ရေတွင်း အနက်ပေ ၂၀၀ တစ်တွင်း-စက်ပစ္စည်းစုံ ကျပ် ၂၅၀၀၀၀၊ ၂လက်မ စက်ရေတွင်း အနက်ပေ ၄၀၀ တစ်တွင်း၊ စက်ပစ္စည်းစုံ ကျပ် ၅၀၀၀၀၀၊ ၄ လက်မ စက်ရေတွင်း အနက်ပေ ၂၀၀ တစ်တွင်း-စက်ပစ္စည်းစုံ ကျပ် ၅၀၀၀၀၀နှုန်းဖြင့် လှူဒါန်းနိုင်သည်။

ရေလှူဒါန်းခြင်းဖြင့် လျင်မြန်ခြင်း၊ သန့်ရှင်းစင်ကြယ်ခြင်း၊ ကျော်ကြားလူသိများခြင်း၊ ဆာလောင်မွတ်သိပ်မှုကင်းခြင်း၊ အခြွေအရံများခြင်း၊ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားဗလကြီးခြင်းနှင့် ဉာဏ်ပညာကြီးမားခြင်းဟူသည့် ရေအကျိုး ၁၀ပါးကို ဆုမတောင်းဘဲ ရရှိနိုင်သည်ဖြစ်ရာ စက်ရေတွင်း လှူဒါန်းလိုသူများသည် ညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၁-၂၄၅၄၂၀၊ ၂၅၃၀၈၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဖုန်း-၀၁-၂၄၀၁၁၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (အင်ဂျင်နီယာ)၊ ဖုန်း-၀၁-၂၉၁၉၆၇၊ ညွှန်ကြားရေးမှူး(စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့)၊ ဖုန်း-၀၇၁-၂၁၀၁၂၊ ညွှန်ကြားရေးမှူး(မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့)၊ ဖုန်း-၀၆၃-၂၃၁၆၄၊ ညွှန်ကြားရေးမှူး(မန္တလေးစည်ပင်သာယာရေးအဖွဲ့)၊ ဖုန်း-၀၂-၅၄၆၅၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေး

- သဘာဝအလင်းရောင်ကိုသာ အဓိကထား သုံးစွဲပါ။
- သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံးလိုအပ်သော လျှပ်စစ်ဓာတ်အားကို သုံးစွဲပါ။
- ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကို သုံးစွဲပါ။
- ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့် အများအတွက်ပါ အကျိုးရှိစေနိုင် ပါသည်။

ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အား သုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အား သုံးစွဲသူတိုင်းက ၄ပေ မီးချောင်းတစ်ချောင်းစီ ချွေတာသုံးစွဲခြင်းဖြင့် ၂၀ မဂ္ဂါဝပ်ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ပေးသည်နှင့် ညီမျှသည်။

ဥပဒေဘွဲ့ရများ အာစရိယပူဇော်မည်

ရန်ကုန် စက်တင်ဘာ ၉

ရန်ကုန်တက္ကသိုလ်(၁၉၆၉-၁၉၇၄)ခုနှစ် ဥပဒေဘွဲ့ရ ကျောင်းသား၊ ကျောင်းသူများ၏ အာစရိယပူဇော်ပွဲနှင့် နှစ်(၃၀)ပြည့်အထိမ်းအမှတ် မိတ်ဆုံစားပွဲကို စက်တင်ဘာ ၂၅ရက်(စနေနေ့) နံနက် ၁၀နာရီတွင် ကုန်သည်ကြီးများဟိုတယ် ဆူးလေဘုရားလမ်း ရန်ကုန်မြို့တွင် ကျင်းပမည်ဖြစ်ရာ ဦးကျော်ပိုင် ဖုန်း-၀၉-၅၀၀၄၉၄၀၊ ၀၁-၇၀၁၄၉၄၊ ဦးတင်ဝင်းအောင် ဖုန်း-၀၁-၂၄၅၉၆၈၊ ဦးကျော်စိုးဗိုလ် ဖုန်း-၇၀၃၉၈၉၊ ၇၀၅၃၀၉နှင့် ဒေါ်မော်မော်အေး ဖုန်း-၅၃၅၃၈၁၊ ၂၅၂၇၂၃တို့သို့ စက်တင်ဘာ ၁၀ရက် နောက်ဆုံးထား၍ ဆက်သွယ်နိုင်သည်။ (က-ပ)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ **ဒုတိယပတ်(တနင်္ဂနွေနေ့)**နှင့် **နောက်ဆုံးပတ်(တနင်္ဂနွေနေ့)**တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၄ ခုနှစ်၊ စက်တင်ဘာလအတွက်
(၁၂-၉-၂၀၀၄)ရက်နေ့
နှင့်
(၂၆-၉-၂၀၀၄)ရက်နေ့

အာဆီယံနိုင်ငံများ ယဉ်ကျေးမှုဆိုင်ရာ ဖလှယ်ရေး စီမံကိန်းအပိုင်း(၃) အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ကျင်းပ

ရန်ကုန် စက်တင်ဘာ ၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်က အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် အာဆီယံနိုင်ငံများရှိ အခြေခံလူ့အဖွဲ့အစည်း အတွင်း ယဉ်ကျေးမှုဆိုင်ရာဖလှယ်ရေး စီမံကိန်းအပိုင်း(၃) အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့အစီအစဉ်များကို စက်တင်ဘာ ၇ရက် မွန်းလွဲ ၂နာရီခွဲတွင် မန္တလေးမြို့ရှိ Swan ဟိုတယ်၌ ဆက်လက်ကျင်းပသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အကြံပေး ပုဂ္ဂိုလ် အငြိမ်းစားသံအမတ်ကြီး ဦးဝင်းလွင်၊ မြန်မာနိုင်ငံအာဆီယံ ယဉ်ကျေးမှုနှင့် ပြန်ကြားရေး အမျိုးသားကော်မတီ (ASEAN-COCI)ဥက္ကဋ္ဌ ယဉ်ကျေးမှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးနိုင်(?)... ဗိမာန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းဆွေနှင့် ဆပ်ကော်မတီဝင်များ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ ဖြစ်ကြသည့်ကမ္ဘောဒီးယားနိုင်ငံ၊မလေးရှားနိုင်ငံ၊ မြန်မာနိုင်ငံ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ၊ စင်ကာပူသမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ဆွေးနွေးဖက်နိုင်ငံဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် လေ့လာသူများ တက်ရောက်ကြသည်။

အလုပ်ရုံ ဆွေးနွေးပွဲတွင် သဘာပတိအဖြစ် ထိုင်းနိုင်ငံမှ ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် Dr. Pattiya Jimreivat က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် စင်ကာပူသမ္မတနိုင်ငံမှကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Ms. Teoh Siok Hian Janet နှင့် ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံမှ ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် Ms. Le Thi Thien Huong တို့က ဆောင်ရွက်ကြသည်။

အစီအစဉ်အရ မြန်မာကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် ယဉ်ကျေးမှုဗိမာန် ဦးစီးဌာန(မန္တလေး) လက်ထောက် ညွှန်ကြားရေးမှူး ဦးရဲမြတ်အောင်၊ ဖိလစ်ပိုင်သမ္မတနိုင်ငံမှ ကိုယ်စားလှယ် အဖွဲ့ဝင် Ms. Maria Cristina Carganilla-Parungao၊ စင်ကာပူ သမ္မတနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် Ms. Teoh Siok Hian Janet၊ ကိုယ်စားလှယ်အဖွဲ့ဝင် များဖြစ်ကြသော Ms. Hairani Bente Hassan နှင့် Mr. Lau Kah Yong၊ ထိုင်းနိုင်ငံမှ ကိုယ်စားလှယ် အဖွဲ့ ခေါင်းဆောင် Dr. Pattiya Jimreivat၊ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတ နိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Ms. Le Thi Thien Huong နှင့် ဆွေးနွေးဖက်နိုင်ငံဖြစ်သော တရုတ် ပြည်သူ့သမ္မတနိုင်ငံမှ ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် Mrs. Shi Yongjing တို့က မိမိတို့နိုင်ငံအလိုက် အလုပ်ရုံဆွေးနွေးပွဲနှင့် စပ်လျဉ်းသည့် စာတမ်းများကို အသီးသီး ဖတ်ကြား တင်ပြကြသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက ဖတ်ကြားတင်ပြသည့် စာတမ်းများနှင့် စပ်လျဉ်း၍ အကြံပြု ဆွေးနွေးညှိနှိုင်းကြပြီး အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ အစီအစဉ်များကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ တတိယ နေ့အစီအစဉ်အဖြစ် အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် ဆွေးနွေးဖက်နိုင်ငံဖြစ်သော တရုတ် ပြည်သူ့သမ္မတနိုင်ငံမှ ကိုယ်စားလှယ် အဖွဲ့ဝင်များသည် စက်တင်ဘာ ၈ရက် နံနက်ပိုင်းမှ ညနေပိုင်းအထိ အလုပ်ရုံ ဆွေးနွေးပွဲနှင့် ဆက်စပ်လျက်ရှိသည့် မန္တလေးမြို့ရှိ လက်မှုလုပ်ငန်းအလုပ်ရုံ များကို လေ့လာခြင်းနှင့် လုပ်ငန်းခွင် အတွင်း လက်တွေ့ဝင်ရောက် ဆောင် ရွက်ခြင်းများ ပြုလုပ်ကြသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ် စားလှယ်အဖွဲ့ဝင်များနှင့် ဆွေးနွေးဖက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကိုယ်စား လှယ်အဖွဲ့ဝင်များသည် တာဝန်ရှိသူများ လိုက်ပါလျက် ညနေပိုင်းတွင် မန္တလေး တောင်တော်သို့ သွားရောက်၍ မန္တလေး တောင်တော်ပေါ်မှနေပြီး မန္တလေးမြို့ ၏ ရှုခင်းအလှကို ကြည့်ရှုလေ့လာကြ ကာ နေဝင်ဆည်းဆာအလှကို ကြည့်ရှု ခံစားကြသည်။

ထို့နောက် ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များသည် မန္တလေးတောင် တော် ဆုတောင်းပြည့်မြတ်စွာဘုရား ဉည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြပြီး ဆုတောင်းပြည့် မြတ်စွာဘုရားအား လှည့်လည်ကြည့်ရှု ကြကာ ညပိုင်းတွင် မန္တလေးတောင် တော်မှ ပြန်လည်ထွက်ခွာသွားကြ သည်။

(သတင်းစဉ်)

အာဆီယံနိုင်ငံများရှိ အခြေခံ လူ့အဖွဲ့အစည်းအတွင်း ယဉ်ကျေးမှု ဆိုင်ရာ ဖလှယ်ရေးစီမံကိန်းအပိုင်း(၃) အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့အစီ အစဉ်များကို မန္တလေးမြို့ရှိ Swan ဟိုတယ်၌ ဆက်လက်ကျင်းပစဉ်။

(သတင်းစဉ်)



ရှေးဟောင်းစေတီတော် ထီးတော်တင်လှူမည်

ရန်ကုန် စက်တင်ဘာ ၉

မကွေးတိုင်း ရေစကြိုမြို့နယ် မအူလေးရွာ တိုက်နယ်ဆေးရုံရှေ့တွင် တည်ထားကိုးကွယ်ခဲ့သော ရှေးဟောင်း စေတီတော်ကြီးမှာ နှစ်ရှည်လများ ချုံနွယ်များဖုံးအုပ်ပြီး ပျက်စီးနေ၍ ဆရာတော် ဦးကုမာရနှင့် ဦးကုသလ နာယက ဆရာတော်ကြီးတို့ ကြီးကြပ်မှုဖြင့် ဘက်စုံပြုပြင်ခဲ့သည်။ **(ယာပုံ)**

မကြာမီ ရေစကြိုမြို့ ကံပွင့်အမွေးတိုင်လုပ်ငန်းရှင် ဦးအောင်သန်း-ဒေါ်ခင်သန်းဦး မိသားစုက စိန်ဖူးတော်နှင့် ထီးတော်ကြီးကို တင်လှူပူဇော်မည် ဖြစ်သည်။

အလှူရှင်များအနေဖြင့် ပါဝင်လှူဒါန်းလိုပါက မြို့နယ် ကြက်ခြေနီအသင်း အတွင်းရေးမှူး ဦးကျော်စိန် ဂေါပက ဥက္ကဋ္ဌ ဖုန်း-၀၆၂-၃၀၄၅၇ ထံသို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (က-ပ)

စီးပွားဖြစ် သစ်ခွစိုက်ပျိုးနည်း သင်တန်းနှင့် အဆင့်မြင့် ပန်းအလှပြုပြင်မှု သင်တန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၉

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းက ကြီးမှူး၍ စီးပွားဖြစ် သစ်ခွစိုက်ပျိုး နည်း သင်တန်းအမှတ်စဉ်(၂/၂၀၀၄)ကို အောက်တိုဘာ ၄ရက်မှ ၁၅ရက်အထိ လည်းကောင်း၊ အဆင့်မြင့် ပန်းအလှ ပြုပြင်မှု သင်တန်းအမှတ်စဉ်(၂/၂၀၀၄) ကို အောက်တိုဘာ ၁၈ရက်မှ ၃၀ရက် အထိလည်းကောင်း ရန်ကုန်မြို့ ပြည်သူ့ ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အတွင်းရှိ ပြည်ထောင်စု အေးရိပ်ငြိမ်ခန်းမဆောင် ၌ဖွင့်လှစ်ရန် စီစဉ်ထားသည်။ စီးပွားဖြစ် သစ်ခွစိုက်ပျိုးနည်းသင်တန်း အမှတ်စဉ် (၂/၂၀၀၄)ကို သတ်မှတ်ရက်အတွင်း နေ့စဉ် နံနက် ၉နာရီမှ ညနေ ၄နာရီ အတွင်း ဖွင့်လှစ်မည်ဖြစ်သည်။

အဆင့်မြင့် ပန်းအလှပြုပြင်မှု သင်တန်းအမှတ်စဉ် (၂/၂၀၀၄)ကို သတ်မှတ်ရက်အတွင်း နေ့စဉ် မွန်းလွဲ ၁နာရီမှ ညနေ ၄နာရီအထိ ဖွင့်လှစ် မည်ဖြစ်သည်။

သင်တန်းများ တက်ရောက်လိုသူ များသည် ပြည်သူ့ရင်ပြင်အတွင်းရှိ အသင်းရုံး ဖုန်း-၃၇၉၃၆၁ သို့ ဆက် သွယ်စာရင်းပေးသွင်း တက်ရောက်နိုင် သည်။ (၄၅)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၉-၉-၂၀၀၄)

ရေး	–	၆ ဒသမ ၂၂ လက်မ
ကော့ကရိတ်	–	၅ ဒသမ ၈၄ လက်မ
မုဒုံ	–	၄ ဒသမ ၈၈ လက်မ
မော်လိုက်	–	၃ ဒသမ ၉၈ လက်မ
ကလေး	–	၃ ဒသမ ၅၈ လက်မ
မော်လမြိုင်	–	၃ ဒသမ ၅၈ လက်မ
မင်္ဂလာဒုံ(ရန်ကုန်)	–	၃ ဒသမ ၅၈ လက်မ
ခန္တီး	–	၃ ဒသမ ၂၃ လက်မ
သံတွဲ	–	၃ ဒသမ ၀၇ လက်မ
ကလေးဝ	–	၂ ဒသမ ၆၄ လက်မ
ကန့်ဘလူ	–	၂ ဒသမ ၄၄ လက်မ
ညောင်ဦး	–	၂ ဒသမ ၀၉ လက်မ
မုံရွာ	–	၂ ဒသမ ၀၅ လက်မ
စစ်ကိုင်း	–	၁ ဒသမ ၉၃ လက်မ

စက်မောင်းဆီ ချွေတာဖို့ သဘာဝဓာတ်ငွေ့ယာဉ်များ သုံးစွဲစို့

- ✱ မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့ အစားထိုး သုံးစွဲနိုင်သည်။
- ✱ သဘာဝဓာတ်ငွေ့သုံးစွဲခြင်းဖြင့် စက်မောင်းဆီ ချွေတာနိုင်သည့်အပြင် အင်ဂျင်သက်တမ်းကိုလည်း ပိုရှည်စေသည်။
- ✱ ပြည်တွင်းထွက် သဘာဝဓာတ်ငွေ့ကို အကျိုးရှိရှိ၊ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည်။
- ✱ သဘာဝဓာတ်ငွေ့သည် ရာနှုန်းပြည့် လောင်ကျွမ်းမှုရှိသဖြင့် ပတ်ဝန်းကျင် သန့်ရှင်းမှုကို အထောက်အကူပြုသည်။
- ✱ အလုံအလောက်သုံးစွဲနိုင်သဖြင့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည် စီးဆင်းမှု ပိုမို မြန်ဆန် သွက်လက်စေသည်။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၀-၉-၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀	၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၀	၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၃၅	၆။ မျိုးချစ်တပ်မတော်
၄:၄၅	၇။ အလွမ်းတေးပန်းချီချစ်သူ့ဆီ
၅:၀၀	၈။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** -သံယုတ္တနိကာယလာကိုယ်ကျင့်တရား [အရှေ့တိုင်း၊ မြန်မာစာ၊ ဒဿနိက၊ ရသစာပေ] (ဒုတိယနှစ်)
၅:၃၀	၉။ ပညာခေတ်
၅:၄၅	၁၀။သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။ နိုင်ငံတကာသတင်း
၆:၂၀	၁၃။ မိုးလေဝသသတင်း
၆:၂၅	၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀	၁၅။ မြန်မာ့ရှုခင်း
၆:၄၀	၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း: မဆုတ်မနစ် (အပိုင်း-၉)**
၈:၀၀	၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၂။ ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
	၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း: "မိုးကြိုးကွန်ရက်နှင့်လျှပ်စီးဓား" (ဒုတိယတွဲ) (အပိုင်း-၁၃)**
	၂၄။ သင့်အတွက်မနက်ဖြန်
	၂၅။ အပိတ်နှုတ်ဆက်စကား
	၂၆။ ပြီးပါပြီ။

အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အလှူငွေပေးအပ်ပွဲ ကျင်းပ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ အလှူငွေများ လက်ခံရယူ

ရန်ကုန် စက်တင်ဘာ ၉

ဒွါဒသမအကြိမ်(၁၂ ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဘဏ္ဍာငွေရှာဖွေရေးနှင့် ဆုချီးမြှင့်ရေးဆပ်ကော်မတီ၏ ပထမအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ မြို့တော်ခန်းမ ပထမထပ်ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမ(၄)၌ ကျင်းပရာ ဒွါဒသမအကြိမ်(၁၂ ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်၍ အလှူငွေများ လက်ခံရယူသည်။

အခမ်းအနားသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ အမှတ်(၄)စစ်ဒေသမှူး ဗိုလ်မှူးကြီးရန်နိုင်ဦး၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး ဒုတိယ ဗိုလ်မှူးကြီး မြင့်ကြည်နှင့် အဖွဲ့ဝင်များ၊ ဘဏ္ဍာငွေရှာဖွေရေးနှင့် ဆုချီးမြှင့်ရေး ဆပ်ကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတို့မှ တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းက ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီမှ လှူဒါန်းငွေကျပ်သိန်း ၃၀ ကို ပေးအပ်လှူဒါန်းရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် အလှူငွေပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ ဦးမြင့်ဇော် (ငပလီအင်တာပရိုက်စ် လီမိတက်)က ငွေကျပ်လေးသိန်း၊ ဦးမြတ်သူ(ဂမုန်းပွင့် ကုမ္ပဏီ)၊ ဦးမောင်မောင်(ရွှေကမ္ဘာ မောင်မောင်ဆောက်လုပ်ရေး)၊ ဦးမင်းအောင် (တက်ခမ်းဆောက်လုပ်ရေး)၊ ဦးမျိုးဝင်း (Fortune International Co., Ltd)၊ Peony Co., Ltd၊ ထူးထရေးဒင်းကုမ္ပဏီနှင့် ရွှေသံလွင် ဆောက်လုပ်ရေးတို့က ငွေကျပ်သုံးသိန်းစီ၊ ဦးမောင်မောင် (Asia Express Co.,Ltd)က ငွေကျပ်တစ်သိန်း စုစုပေါင်း လှူဒါန်းငွေကျပ် ၅၆ သိန်းကို ပေးအပ်လှူဒါန်းရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့က လက်ခံယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက နိုင်ငံတော်က မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ဆက်လက်ထိန်းသိမ်းသည့် အနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို နှစ်စဉ် ကျင်းပလာခဲ့သည်မှာ ယခုဆိုလျှင် ဒွါဒသမအကြိမ် (၁၂ ကြိမ်)ပြည့်မြောက်လာပြီဖြစ်ကြောင်း ယခုနှစ် ဒွါဒသမအကြိမ် (၁၂)ကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို မွန်မြတ်သောရည်ရွယ်ချက် ခြောက်ရပ်ဖြင့် ကျင်းပသွားရန် စီစဉ်ဆောင်ရွက်ပြီးဖြစ်ကြောင်း ယခုကဲ့သို့ တိုင်းတစ်ပါးယဉ်ကျေးမှုများ ထိုးဖောက်စိမ့်ဝင်နေသည့် အချိန်ကာလတွင် မိမိတို့၏ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ မပျောက်ပျက်စေရေးနှင့် ဆက်လက်ထိန်းသိမ်းမြှင့်တင်ရေးအတွက် မျိုးချစ်စိတ်ဓာတ်ပြည့်ဝစွာဖြင့် တစ်ဖက်တစ်လမ်းမှ ဝိုင်းဝန်းကူညီလှူဒါန်းကြသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းဖြင့် ကျေးဇူးတင်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဘဏ္ဍာငွေရှာဖွေရေးနှင့် ဆုချီးမြှင့်ရေးဆပ်ကော်မတီ၏ ပထမအကြိမ် အလှူငွေပေးအပ်ပွဲတွင် အလှူငွေများကို လက်ခံစဉ်။

(ရန်ကုန်တိုင်း)

ဝိပဿနာတရားစခန်း

ရန်ကုန် စက်တင်ဘာ ၉

မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့ မဟာသစ္စကာရီကမ္မဋ္ဌာန်းကျောင်းတိုက်တွင်တေဇက္ကီဆရာတော်၏ဉပနိဿယ အတိုင်း ခုနစ်ရက် အဓိဋ္ဌာန် ဝိပဿနာ တရားစခန်းပွဲကိုတော်သလင်းလဆန်း ၈ရက်မှ ၁၄ ရက်အထိ ကမ္မဋ္ဌာနာစရိယဘဒ္ဒန္တစက္ကိန္ဒာစာရကသစ္စာတရားများ ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသည့် ယောဂီများ တော်သလင်းလဆန်း ၇ ရက် ညနေ ၅ နာရီအရောက် လာရောက်ကြရန် နှိုးဆော်ထားသည်။ (က–ပ)

ရန်ကုန်အဝေးသင်တက္ကသိုလ် ၂၀၀၄ ပညာသင်နှစ် ပထမအသုတ် စာမေးပွဲ စာစစ်ဌာနများ ကြေညာ

ရန်ကုန် စက်တင်ဘာ ၉

ရန်ကုန်အဝေးသင်တက္ကသိုလ်၏ ၂၀၀၄ပညာသင်နှစ် ပထမအသုတ်အတန်းတင်စာမေးပွဲများကို ၁–၁၀–၂၀၀၄ ရက်မှ ၈–၁၀–၂၀၀၄ ရက်အထိ ဒဂုံတက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ မော်လမြိုင်တက္ကသိုလ်၊ ပုသိမ်တက္ကသိုလ်၊ စစ်တွေတက္ကသိုလ်၊ ပြည်တက္ကသိုလ်၊ထားဝယ်တက္ကသိုလ်၊ တောင်ငူတက္ကသိုလ်၊ ဟသ်ာတတက္ကသိုလ်၊ ဘားအံတက္ကသိုလ်၊ မြိတ်တက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ မအူပင်တက္ကသိုလ်၊ ပဲခူးဒီဂရီကောလိပ် အဝေးသင်ဌာနခွဲ စာစစ်ဌာနများ၌ကျင်းပမည်ဖြစ်သည်။

ရန်ကုန်အဝေးသင်တက္ကသိုလ် ဒဂုံဌာနခွဲ (ဒဂုံတက္ကသိုလ်)၊ ရန်ကုန်အဝေးသင်တက္ကသိုလ် အရှေ့ပိုင်းဌာနခွဲ (ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ ရန်ကုန်အဝေးသင်တက္ကသိုလ် အနောက်ပိုင်းဌာနခွဲ (ရန်ကုန် အနောက်ပိုင်းတက္ကသိုလ်)၊ နယ်တက္ကသိုလ် ဒီဂရီကောလိပ် အဝေးသင်ဌာနခွဲ အသီးသီး၌ မှတ်ပုံတင်ထားသည့် ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် သိပ္ပံအထူးပြုကျောင်းသားအားလုံးသည် မိမိတို့နှင့် သက်ဆိုင်သော တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၌ စာမေးပွဲဖြေဆိုကြရမည်ဖြစ်သည်။

အသေးစိတ် အစီအစဉ်ကြေညာချက်ကို သက်ဆိုင်ရာ အဝေးသင်တက္ကသိုလ်ဌာနခွဲများ၌ ကြေညာထားမည်ဖြစ်သည်။ (သတင်းစဉ်)

ပင်လယ်မင်းသားဇာတ်ကားသစ် ရုံသုံးရုံတစ်ပြိုင်တည်းပြသ

ရန်ကုန် စက်တင်ဘာ ၉

ယခုသောကြာပတ်တွင် ကတ္တီပါရင်ခွင်ရုပ်ရှင်မှ ဒါရိုက်တာ မောင်မျိုးမင်းရိုက်ကူး၍ လွင်မိုး၊ ရာဇာနေဝင်း၊ နန္ဒာလှိုင်၊ အိန္ဒြာကျော်ဇင်၊ ဆုပန်ထွာ၊ နှင်းဝတ်ရည်သောင်း၊ အေးဝတ်ရည်သောင်းတို့ သရုပ်ဆောင်သော **ပင်လယ်မင်းသား** ဇာတ်ကားသစ် သမ္မတ၊သွင်နှင့် မင်္ဂလာရုံကြီးများတွင် တစ်ပြိုင်တည်း ရုံတင်ပြသသည်။

ပင်လယ်ကမ်းခြေ တစ်နေရာ၌ စီးပွားရေးလုပ်ငန်းမှ အစပြုပြီး အချစ်ရေး အခင်းအကျင်းများ ဖြစ်ပေါ်လာပုံကို လှပသေသပ်စွာ ရိုက်ကူးထားပြီး ပျော်ရွှင်ကြည်နူးဖွယ်ရာ ဇာတ်သိမ်းထားသည်။



"ပင်လယ်မင်းသား" ဇာတ်ကားသစ်မှ ရာဇာနေဝင်းနှင့် နန္ဒာလှိုင်။

အောင်ပွဲခံ

ဆက်လက်၍ လွင်မိုး၊ မင်းမော်ကွန်း၊ စိုးမြတ်သူဇာ၊ စိုးမြတ်နန္ဒာတို့ သရုပ်ဆောင်သည့် **အပြောင်းအလဲ** ဇာတ်ကားမှာ ရွှေဆောင်၊ နေပြည်တော်နှင့် နဝဒေးရုံများ၌ အောင်ပွဲခံပြသနေဆဲရှိသည်။

ရွှေဂုန်ရုံတွင် အော်စကာဆုရ နိုင်ငံခြားဇာတ်ကားဖြစ်သော Brave Heart ဇာတ်ကား ရုံတင်ပြသနေသည်။ စွန့်စွန့်စားစားတိုက်ခိုက်ကြပုံများကို ခမ်းနားစွာ ရိုက်ကူးပြသထားသည်။

"အပြောင်းအလဲ" ဇာတ်ကားမှ လွင်မိုး၊ စိုးမြတ်နန္ဒာ၊ စိုးမြတ်သူဇာ။

အက်ရှင်ဇာတ်ကား

မြို့မရုံတွင် PYAASA အမည်ရှိ အိန္ဒိယဇာတ်ကားသစ် ရုံတင်ပြသသည်။ အက်ဖ်တပ်၊ ဆာရက်မူလဖီတို့ ပါဝင်သရုပ်ဆောင်သော အချစ်နှင့် အက်ရှင်ဇာတ်ကားအဖြစ် ရှုစားကြရမည်ဖြစ်သည်။

ဘုရင်ရုံတွင် Har Dil Jo Pyar Karega အမည်ရှိ အိန္ဒိယဇာတ်ကား ရုံတင်ပြသနေသည်။ ဆယ်လ်မန်ခန်း၊ ရာနီမူကာဂျီးနှင့် ပရက်ကီးဇင်တာတို့ ပါဝင်သရုပ်ဆောင်၍ မေတ္တာဇာတ်လမ်းတစ်ပုဒ်အဖြစ် တင်ဆက်ထားသည်။

ဆုထူးပန်ရုံတွင် GUPT အမည်ရှိ အကယ်ဒမီဆုရ အိန္ဒိယဇာတ်ကား ရုံတင်ပြသနေသည်။ အမှန်တရားနှင့် အချစ်၏လျှို့ဝှက်ချက်တို့ကို သိမ်မွေ့စွာ တင်ပြထားသည်။

ရတနာပုံရုံတွင် Dillagi (နှလုံးသားဒဏ်ရာ)ဇာတ်ကား ပြသနေသည်။

(ကြေးမုံ)

တောင်တန်းတွေနဲ့ ပင်လယ်ပြာ

"တောင်တန်းတွေနဲ့ ပင်လယ်ပြာ"ဇာတ်ကားမှ ဒွေး နှင့် ခိုင်သင်းကြည်

တောင်တန်းတွေနဲ့ ပင်လယ်ပြာ ဗီဒီယိုရုံတင်မည်

ရန်ကုန် စက်တင်ဘာ ၉

လာမည့် သောကြာပတ်တွင် နိုဗယ်ရုပ်ရှင်မှ ဒါရိုက်တာသိန်းဟန် (ဖိုးနစ်) ရိုက်ကူး၍ ဒွေး၊ စိုးမြတ်နန္ဒာ၊ ခိုင်သင်းကြည်တို့ ပါဝင်သရုပ်ဆောင်သည့် **တောင်တန်းတွေနဲ့ ပင်လယ်ပြာ** အဆင့်မြင့် ဗီဒီယိုဇာတ်ကား ရွှေမန်း၊ စံပြ၊ သီတာနှင့် မြရတနာရုံများတွင် ရုံတင်ပြသမည်ဖြစ်သည်။ **(ကြေးမုံ)**



PYA-ASA ဇာတ်ကားမှ သရုပ်ဆောင် ကွက်တစ်ကွက်။



မန်ချက်စတာယူနိုက်တက် နိုင်ပွဲစတင်တော့မည်

ပရီမီယာလိဂ် ပွဲစဉ်(၅)

ဂမ်ဆိုင်း

အရှိန်ရစရှိလာပြီးဖြစ်သော ပရီမီယာလိဂ်ပြိုင်ပွဲတွင် ရှုံးပွဲမရှိ စံချိန်တင်ထားနိုင်သည့်အသင်းများမှာ လက်ရှိ ချန်ပီယံ အာဆင်နယ်၊ ချယ်လ်ဆီး၊ ဘော်လတန်တို့ ဖြစ်သည်။ မန်ယူ၊ လီဗာပူးတို့က အဆင့်(၁၀) လောက်တွင် လုံးလည်လိုက်နေသည်။

နှစ်ပွဲဆက်တိုက် သရေကျလိုက်သော မန်ယူကို အမာခံပရိသတ်များ စိတ်ပျက်သွားကြသည်။ ထို့အတူ လီဗာပူး ပရိသတ်များကလည်း မန်ယူပရိသတ်ခံစားရသလို ခံစားနေကြရသည်။ ၂၀၀၄-၂၀၀၅ ပရီမီယာလိဂ် ဘောလုံးရာသီသည် မန်ယူနှင့် လီဗာပူးတို့အတွက် အကျနှစ်ဟုဆိုရမလိုဖြစ်နေသည်။

မည်သို့ပင်ဖြစ်စေ ဘော်လတန်၊ စပါး(စ်)အသင်းများသည် ချယ်လ်ဆီးနောက်မှ အစဉ်လိုက်ကပ်နေကြသည်။ ယမန်နှစ်က အလယ်အလတ်နှင့်အောက်အသင်းများသည် အခွင့်အရေးရသလောက် အမှတ်ရရှိရေးအတွက် ကြိုးပမ်းနေကြသည်။ ထို့ကြောင့် ပရီမီယာလိဂ်ပြိုင်ပွဲ အချို့သည် မထင်မှတ်သော ရလဒ်များ ထွက်ခဲ့သည်။

စက်တင်ဘာ ၁၁ ရက်
စနေနေ့ပွဲစဉ်များ

ဗီလာ-ချယ်လ်ဆီး
မြန်မာစံတော်ချိန် ညနေ ၆း၁၅ နာရီ

လောလောဆယ် အဆင့်(၆)ရနေသော ဗီလာနှင့် အဆင့်(၂)ချယ်လ်ဆီးတို့ကစားကြမည်။

ကစားခဲ့သော ခြေစွမ်းအရ ဗီလာခြေမငြိမ်သေးဘဲရှိသည်။ နယူးကာဆယ်၊ စိန့်တို့နှင့်ကစားသော ခြေစွမ်းကောင်းသည်။ အထူးသဖြင့် နယူးကာဆယ်နှင့်ပွဲတွင် ဗီလာခြေအကောင်းဆုံးဟုဆိုနိုင်သည်။ ပြိုင်ဘက် အသင်း၏ အားနည်းချက်ကို ထိုးဖောက်ကစားသွားသည်။

ချယ်လ်ဆီးက ပွဲစဉ်တောက်လျှောက် နိုင်နေသည်။ စိန့်နှင့်ပွဲတွင် ချယ်လ်ဆီး ကစားပုံ ပိုကောင်းလာသည်။ ဒုတိယပိုင်းဆိုလျှင် တစ်ဖက်သတ် ဖိကစားသွားနိုင်သည်။

ခြေမငြိမ်သေးသည့် ဗီလာနှင့် နိုင်ပွဲဆက်နေသော ချယ်လ်ဆီး အနေအထားကိုကြည့်လျှင် ချယ်လ်ဆီး အားသာနေသည်။ ယမန်နှစ်က အပြန်အလှန် တစ်ပွဲစီနိုင်ကြသည်။ ပထမအကျော့တွင် ဗီလာက ၃-၂ ဖြင့်နိုင်ပြီး ဒုတိယပွဲတွင် ချယ်လ်ဆီးက ၁-၀ ဖြင့်နိုင်သည်။ ဗီလာကွင်းမှာ ကစားသည့်အတွက် ချယ်လ်ဆီး ပွတ်ကာသီကာ လောက်ပင် နိုင်ချေရှိသည်။

ဘော်လတန်-မန်ယူ
မြန်မာစံတော်ချိန် ည ၈း၃၀ နာရီ

ဘော်လတန်က လေးပွဲမှာ ကိုးမှတ်ရထားသည်။ မန်ယူက ငါးမှတ်ပဲရသေးသည်။ လောလောဆယ် ဘော်လတန်က တတိယနေရာမှ လိုက်နေသည်။ မန်ယူက အလယ်လောက်မှ လိုက်နေသည်။

ဖွင့်ပွဲကောင်းခဲ့သော ဘော်လတန်သည် အသင်းကြီးများကို ခံကန်တတ်သောအသင်းဖြစ်သည်။ ယမန်နှစ်က လီဗာပူးအသင်းကို သရေရအောင်ကန်ပြီး ယခုနှစ် အနိုင်ကစားပြနိုင်ခဲ့သည်။ တစ်ပွဲလုံးအပေါ်စီးမှ ကစားသွားသည်။

လောလောဆယ်မှာ မန်ယူသည် ခြေစွမ်းပျောက်နေသည်။ ပြိုင်ဘက်အသင်းများကို ဆက်တိုက်ဖိကစားနိုင်သော်လည်း ဂိုးပေါက်ပျောက်နေသည်။

နှစ်သင်းအနေအထားအရ မန်ယူခြေသာသော်လည်း အသင်းကြီးများကို ခံကစားတတ်သော ဘော်လတန်ကို လွယ်လွယ်ကူကူနိုင်ဖို့မလွယ်။ ယမန်နှစ်က မန်ယူနှစ်ပွဲစလုံးနိုင်သည်။ ဘော်လတန်ကွင်းမှာ ကစားရမည်ဖြစ်သောကြောင့် မန်ယူ သုံးမှတ်ရအောင် အားကုန်ထုတ်ကန်ရမည်။

ဖူလ်ဟမ်-အာဆင်နယ်
မြန်မာစံတော်ချိန် ည ၈း၃၀ နာရီ

ယမန်နှစ်ဘောလုံးရာသီအစလောက် ဖူလ်ဟမ်၏ ခြေစွမ်းမကောင်းဘဲဖြစ်နေသည်။ ဖူလ်ဟမ်မှ ဆာဟာ ထွက်သွားပြီးနောက် တိုက်စစ်အားပျော့နေသည်။ လက်ရှိချန်ပီယံ အာဆင်နယ်က နိုင်ပွဲဆက်ကာ ထိပ်ဆုံးမှ ပြေးလျက်ရှိသည်။

ဖူလ်ဟမ်သည် စုစည်းညီညွတ်မှုကောင်းသော အသင်းဖြစ်သည်။ ကစားပုံကစားကွက်သည် လက်ရှိချန်ပီယံကို ယှဉ်ကစားနိုင်သည်။ သို့သော် နောက်တန်းသည် အနည်းငယ် အထနှေးသည်။ တန်ပြန်တိုက်စစ် အားကောင်းသည့် အာဆင်နယ်အသင်းအဖို့ ဖူလ်ဟမ်နောက်တန်းကို အလွယ်တကူဖြစ်ကျော်နိုင်စွမ်းရှိသည်။ အာဆင်နယ်၏ ကစားရှိန်သည် မနှစ်ကထက် ပိုမိုမြန်ဆန်လာသည်။

လက်ရှိအနေအထားအရ အာဆင်နယ်က အဘက်ဘက်ကသာသည်။ ယမန်နှစ်က ပထမအကျော့တွင် အာဆင်နယ်က တစ်ဂိုး-ဂိုးမရှိနိုင်သည်။ ဒုတိယအကျော့၌ ဂိုးမရှိသရေကျသည်။ ဖူလ်ဟမ်ကွင်းမှာ ကစားရမှာဖြစ်သော်လည်း အာဆင်နယ်၏ခြေထဲတွင် အနိုင်နှင့် သရေ တစ်ခုခုရှိနေသည်။

လီဗာပူး-ဝက်စ်ဘရွန်း
မြန်မာစံတော်ချိန် ည ၈း၃၀ နာရီ

ယမန်နှစ် အဆင့် ၄ ရထားသော လီဗာပူးနှင့် တန်းတက်ဝက်စ်ဘရွန်းတို့ကစားမည်။

လောလောဆယ် လီဗာပူးက တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးထားသည်။ ဝက်စ်ဘရွန်းက သုံးပွဲဆက်တိုက်သရေကျပြီး နောက်ဆုံးပွဲစဉ် ရှုံးသည်။ အိုဝင်မရှိတော့သော်လည်း ဆစ်စီအားကိုးဖြင့် လီဗာပူး ရှေ့တန်းကို ကျားကန် ထားရသည်။ သို့သော် ဂိုးသွင်းနှုန်းက ကျနေသည်။ ဝက်စ်ဘရွန်းကလည်း ခြေအသင့်အတင့်သာရှိသည်။ ဗီလာ၊ စပါး(စ်) တို့ကိုကန်သော ခြေရည်ကောင်းသလို အဲဗာတန်ပွဲတွင် မည့်ကြောင်း ထုတ်ဖော်ပြခဲ့သည်။

သမ္မာအား၊ ကစားအား၊ ကစားကွက်အရ လီဗာပူးသာသည်။ လီဗာပူးကွင်းမှာ ကစားရမည်။ အမှတ်လိုနေသော လီဗာပူးအသင်းအဖို့ ဤပွဲကို သုံးမှတ်ရအောင် ကစားဖွယ်ရှိသည်။

မန်စီးတီး-အဲဗာတန်
မြန်မာစံတော်ချိန် ည ၈း၃၀ နာရီ

ယမန်နှစ်က အဆင့်(၁၆)ရသော မန်စီးတီးနှင့် အဆင့်(၁၇)ရသော အဲဗာတန်အသင်းတို့ ကစားကြမည်။ လောလောဆယ်အနေအထားတွင် အဲဗာတန်က မန်စီးတီးထက် ခြေစွမ်းကောင်းနေသည်။

မန်စီးတီးသည် ယမန်နှစ်ကကဲ့သို့ ပွဲထွက်မကောင်းဘဲဖြစ်နေသည်။ ချာတန်ကို နိုင်သောပွဲတွင်သာ မန်စီးတီး၏ ခြေမှန်ကို တွေ့ရသည်။ ကစားကွက်ရော၊ တိုက်စစ်အားပါကောင်းသည်။ ဝက်စ်ဘရွန်းနှင့် ကစားသောပွဲတွင် အဲဗာတန်၏ ခြေရည်သည် သင့်ရုံသာရှိသည်။ မန်ယူနှင့်ပွဲတွင် နောက်တန်း အားတောင့်သလောက် ယခုပွဲတွင် ပေါ့ပျက်ပျက်နိုင်သည်ကို တွေ့ရသည်။

နှစ်သင်း၏ ခြေရည်သည် မတိမ်းမယိမ်းရှိသည်။ မန်စီးတီးကွင်းမှာ ကစားမည်။ ယမန်နှစ် ပထမအကျော့တွင် မန်စီးတီးက ငါးဂိုး-ဂိုးမရှိဖြင့်နိုင်သည်။ ဒုတိယအကျော့မှာ ဂိုးမရှိသရေကျသည်။ အကယ်၍ မန်စီးတီးသည် အဲဗာတန်နှင့် ပွဲခြေမျိုးရခဲ့မည်ဆိုလျှင် အဲဗာတန်ကို ကောင်းကောင်းချေမှုန်းနိုင်သည်။

မစ်ဒယ်ဘရော့-ဘာမင်ဂမ်
မြန်မာစံတော်ချိန် ည ၈း၃၀ နာရီ

လောလောဆယ်အဆင့်(၅)မှ လိုက်နေသည့် ဘိုရိုနှင့် အဆင့်(၁၃) ဘာမင်ဂမ်တို့ ကစားကြမည်။

ဘိုရိုသည် ယခုနှစ်တွင် ခြေစွမ်းပြနေသည်။ အာဆင်နယ်ကို ရှုံးသော်လည်း ဘိုရို၏ ခြေက ကောင်းသည်။ တန်းတက်အသင်းနှင့် ကစားရသောပွဲတွင် ဘိုရိုသည် အထက်စီးမှ ပိုင်ပိုင်နိုင်နိုင် တင်ကစားသွားသည်။ ဘာမင်ဂမ်မှာ ယခုအထိ ခြေစွမ်းမပြနိုင်သေးဘဲရှိသည်။ ချယ်လ်ဆီး၊ မန်စီးတီးတို့နှင့် ကစားသည့်ခြေမျိုးဆိုလျှင် ဘာမင်ဂမ်သင့်သည်။

နှစ်သင်း ခြေရည်တူလောက်ရှိသည်။ မနှစ်က တစ်ပွဲစီနိုင်ကြသည်။ ပထမအကျော့၌ ဘိုရိုက ဘာမင်ဂမ်ကို ငါးဂိုး- သုံးဂိုးဖြင့် နိုင်သည်။ ဒုတိယအကျော့တွင် ဘာမင်ဂမ်က သုံး-တစ်ဖြင့်ပြန်နိုင်သည်။ ဘိုရိုကွင်းမှာ ကစားမည်။ အဝေးကွင်း ညံ့နေသော ဘာမင်ဂမ်သည် ဘိုရိုတိုက်စစ်ကို တောင့်ခံမှ သရေလောက်ရနိုင်သည်။ အိမ်ရှင်ဘိုရို သရေနှင့် အနိုင်ရနိုင်သည်။

နယူးကာဆယ်-ဘလက်ဘန်း
မြန်မာစံတော်ချိန် ည ၈း၃၀ နာရီ

လက်ရှိအခြေအနေအရ ဇယားအောက်ခြေရောက်နေသော အသင်းနှစ်သင်းကစားကြမည်။ နယူးကာဆယ်က အဆင့် ၁၆၊ ဘလက်ဘန်းက ၁၈ မှာရှိသည်။

နည်းပြ၊ ကစားသမား ပြဿနာကြောင့် နယူးကာဆယ် ခြေစွမ်း ပျောက်နေသည်။ ဘိုရိုနှင့် ပွဲဦးထွက်ပွဲတွင် နယူးကာဆယ်၏ ခြေရည်သင့်သည်။ သို့သော် ကစားပုံ၊ ကစားကွက်ပျက်နေသည်။စပါး(စ်)ကိုရှုံးပြီး နော့ဝစ်(ချ်)အား သရေကျသောခြေမှာ ညံ့လွန်းသည်။ ဗီလာကိုရှုံးသောခြေမှာ စိတ်ပျက်ဖွယ်ကောင်းသည်။ ဘလက်ဘန်းကလည်း ယခင် ကအတိုင်းပင် သာမန် ခြေရည်လောက်ဖြင့် မေးကစားနေသည်။ တစ်ပွဲမှ ခြေရည်မကောင်းဘဲရှိသည်။

နှစ်သင်းယှဉ်ကြည့်လျှင် နယူးကာဆယ်က ခြေအား၊ လူအား၊ ကစားအားသာသည်။ ယမန်နှစ်က ပထမအကျော့၌ တစ်ဂိုးစီသရေကျသည်။ ဒုတိယအကျော့မှာ ဘလက်ဘန်းက တစ်ဂိုး- ဂိုးမရှိဖြင့်နိုင်သည်။ နယူးကာဆယ်ကွင်းမှာ ကစားရမည်။ နည်းပြသစ်နှင့် အိမ်ရှင်နယူးကာဆယ် ပွတ်ကာသီကာဖြင့်နိုင်ချေရှိသည်။ ဘလက်ဘန်း သရေလောက်သာ မျှော်လင့်နိုင်သည်။

ပို့စ်မောက်-ခရစ္စတယ်ပဲလေ့စ်
မြန်မာစံတော်ချိန် ည ၁၀း၄၅ နာရီ

လက်ရှိအနေအထားအရ ပို့စ်မောက်အဆင့် ၁၉၊ ပဲလေ့စ်က အဆင့် ၂၀ ဖြစ်သည်။ ပို့စ်မောက်မှာ လက်ကျန်ပွဲများ ကစားရန်ရှိသေးသည်။

ပွဲဦးထွက်တွင် ဘာမင်ဂမ်နှင့် ကစားသောခြေသာ ပြီး ပို့စ်မောက်သင့်သည်။ ချာလ်တန်နှင့်ပွဲ ခြေရည် မကောင်းချေ။ ကွင်းလယ်ကစားကွက်ပျောက်နေသည်။ အဆုံးသတ်ဂိုးသွင်းချက်များလည်း ညံ့နေသည်။ ပဲလေ့စ်ကလည်း လေးပွဲကစားရာတွင် တစ်ပွဲမှ မနိုင်သေးဘဲရှိသည်။ နောက်တန်း၏ အားနည်းမှုက ပဲလေ့စ်၏ အဓိက အားနည်းချက်ဖြစ်သည်။ ကွင်းလယ် ကစားသမားများက ဂိုးရအောင်ဖန်တီးပေးသော်လည်း တိုက်စစ်မှူးတွေ ဂိုးပေါက် ပျောက်နေကြသည်။

ကစားခဲ့သော ခြေစွမ်းများအရ ပို့စ်မောက်က သာသည်။ ပို့စ်မောက်ကွင်းမှာ ကစားရမည်။ အိမ်ကွင်းမာသော ပို့စ်မောက် ဤပွဲတွင် သုံးမှတ်ရအောင် ယူဖွယ်ရှိသည်။

စက်တင်ဘာ ၁၂ ရက်
(တနင်္ဂနွေနေ့)

စပါး(စ်)-နော့ဝစ်(ချ်)
မြန်မာစံတော်ချိန် ည ၉း၃၅ နာရီ

စတုတ္ထနေရာမှလိုက်နေသောစပါး(စ်)နှင့်အဆင့်(၁၇) မှလိုက်နေသော နော့ဝစ်(ချ်)တို့ကစားမည်။ စပါး(စ်)က လေးပွဲမှာ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေနှင့် ရှစ်မှတ်ရထားသည်။ နော့ဝစ်(ချ်)မှာ နိုင်ပွဲတစ်ပွဲမှ မရသေးဘဲရှိသည်။ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေကျသည်။

ပွဲဦးထွက် လီဗာပူးနှင့်ပွဲတွင် စပါး(စ်) ခြေရည်ကောင်းသည်။ နယူးကာဆယ်၊ ဝက်(စ်)ဘရွန်းတို့နှင့်ပွဲတွင် စပါး(စ်) သင့်ရုံရှိသည်။ ဘာမင်ဂမ်နှင့်ပွဲတွင် ပုံမှန်သာရှိသည်။ သို့ဖြစ်၍ စပါး(စ်) ခြေရည်ပုံမှန်မရသေး။ အနိမ့်အမြင့်ဖြစ်နေသေးသည်။ နော့ဝစ်(ချ်)မှာလည်း မန်ယူ၊ နယူးကာဆယ်တို့နှင့်ပွဲတွင် သင့်သည်ဆိုနိုင်သည်။ ၎င်းခြေရည်ဖြင့် စပါး(စ်)ကို ယှဉ်ကစားရန် ခက်လိမ့်မည်။

လောလောဆယ်ခြေအရစပါး(စ်)က ပိုကောင်းသည်။ စပါး(စ်)ကွင်းမှာ ကစားရမည်။ ခြေစွမ်းအရရော၊ အိမ်ရှင်အားအရပါ သာနေသော စပါး(စ်)သည် နော့ဝစ်(ချ်)ကို ရှုံးစရာအကြောင်းမရှိချေ။ အိမ်ရှင်အနိုင်ရဖွယ်ရှိသည်။

စက်တင်ဘာ ၁၄ ရက်
အင်္ဂါနေ့

ချာလ်တန်-ဆောက်သမ်တန်
မြန်မာစံတော်ချိန် နံနက် ၁း၃၀ နာရီ

ချာလ်တန်က အဆင့်(၈)ကလိုက်နေသည်။ စိန့်က အဆင့်(၁၅)မှလိုက်နေသည်။ ခြေစွမ်းသိပ်မကွာသည့် နှစ်သင်း ယှဉ်ပြိုင်ကြမည်။

ချာလ်တန်၏ ပွဲဦးထွက်ခြေက ညံ့သည်။ မန်စီးတီးနှင့်ပွဲတွင် ပို၍ညံ့သည်။ လေးဂိုးပြတ်ရှုံးသည်။ ဗီလာနှင့် ပို့စ်မောက်ပွဲတွင်သာ ချာလ်တန်ခြေမှန်ကို မြင်ရသည်။ စိန့်ကလည်း ယခင်နှစ်ကခြေစွမ်းနှင့်တခြားစီဖြစ်သွားသည်။ ဘလက်ဘန်းကို နိုင်သော်လည်း ခြေရည်ညံ့သည်။ ကျန်ပွဲစဉ်များတွင်လည်း ပုံမှန်ခြေစွမ်းမရှိဘဲ ဖြစ်နေသည်။ ခြေစွမ်း ညံ့နေသောနှစ်သင်း ကစားကြမည်။

နှစ်သင်းခြေရည်ညီသည်။ ယမန်နှစ်က တစ်ပွဲစီ အပြန်အလှန်နိုင်သည်။ ပထမအကျော့၌ ချာလ်တန်က ၂-၀ ဖြင့် နိုင်သည်။ ဒုတိယအကျော့တွင် စိန့်က ၃-၂ ဖြင့် ပြန်နိုင်သည်။ ချာလ်တန်ကွင်းမှာ ကစားရမည်။ လောလောဆယ် ခြေစွမ်းအရ ချာလ်တန်နိုင်ဖွယ်ရှိသည်။ ။

နိကာယ်ငါးရပ် စာလျှောက်မေးပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၉

အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတတိပိဋကရေ (D.Litt) (Ph.D) ဒေါက်တာဘွဲ့ရ ဆရာတော်ကြီးများ ဦးစီး၍ နိကာယ်သာသနာတော် ထွန်းကားရေးအသင်းကြီး၏ အကြိမ် (၃၀)မြောက် နိကာယ်စာလျှောက် မေးပွဲများကို ဒီဇင်ဘာ ၆ရက်မှစ၍ ခြောက်ရက်တိုင် ကျင်းပမည်ဖြစ်သည်။

ယင်းစာလျှောက်မေးပွဲသို့ ဖြေဆိုကြမည့်ပုဂ္ဂိုလ်များ အသင်းတိုက်တွင် ဝင်ခွင့်ပုံစံများ တောင်းယူ၍ အမှုဆောင်အဖွဲ့ ပဥ္စနိကာယ သာသနာ့ဗိမာန်တော် ကန်ဘဲ့ ဘူတာရုံလမ်း ရန်ကင်းမြို့နယ် ရန်ကုန်မြို့သို့ အောက်တိုဘာ ၂၈ ရက် နောက်ဆုံးထား ပေးပို့နိုင်ကြောင်း သိရသည်။ (က-ပ)

သာသနဒီပံ တရားစခန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၉

ရွှေပြည်သာမြို့နယ် ၆/၁၀ ရပ်ကွက် ချင်းတွင်းလမ်း သာသနဒီပံမဟာစည် ရိပ်သာတရားစခန်း၌ အောက်တိုဘာ ၁၅ ရက်မှ ၂၂ ရက်ထိအရှင်သီရိန္ဒ (ဓမ္မာစရိယ၊ကမ္မဋ္ဌာနာစရိယ)က တရားတော် ဟောကြားပြသမည် ဖြစ်သည်။ တရားစခန်းဝင်လိုသူများ ရိပ်သာဖုန်း- ၇၀၇၄၉၇နှင့် ၆၆၆၆၆၄ တို့သို့ စာရင်းပေးနိုင်ကြောင်းသိရသည်။ (က-ပ)

အမှတ် (၄၉) လမ်း၄၀ ကျောက်တံတားမြို့နယ်နေ ဦးမောင်မောင်မြင့်- ဒေါ်တင်တင် စိန်မိသားစုကအလှူငွေကျပ်တစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/၂ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ စက်တင်ဘာ ၃ ရက်က လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ပခန်းကြီးမြို့ဟောင်းစည်သူရှင်သရက္ခန်ဘုရား ပရိဝုဏ်ပတ်လမ်းအတွက် လှူဒါန်းနိုင်

ရန်ကုန် စက်တင်ဘာ ၉

မကွေးတိုင်း ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ပခန်းကြီးမြို့ဟောင်းစည်သူရှင် သရက္ခန်ဘုရား၊ ဘုရားပရိဝုဏ်ပတ်လမ်း ကတ္တရာလမ်းခင်းရန်အတွက် ဂေါပကအဖွဲ့မှ အလှူငွေများကောက်ခံလျက်ရှိသည်။

လှူဒါန်းနိုင်

လှူဒါန်းလိုသူများသည် ရုံးအဖွဲ့မှူး၊ သာသနာရေးဝန်ကြီးဌာန ဖုန်း- ၆၆၅၆၂၁၊ စာကြည့်တိုက်မှူးချုပ် တက္ကသိုလ်များ ဗဟိုစာကြည့်တိုက် ဖုန်း- ၅၃၅၈၄၇၊ ၅၃၄၉၇၉၊ ဦးနရသိဒ္ဓိ၊ သုခဝတီကျောင်း ဗားကရာတိုက် ဖုန်း- ၅၀၀၃၃၉၊ ပခုက္ကူခရိုင် အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ဖုန်း- ၀၆၂-၂၁၀၉၀၊ ၂၁၀၂၀၊ ရေစကြို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီရုံး ဖုန်း-၀၆၂-၃၀၂၄၇၊ ဂေါပကအဖွဲ့ ၀၆၂-၂၁၄၉၃ တို့ထံ လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

အဘိဓမ္မာ(၇)ကျမ်း ပါဠိတော်ကောက်နုတ်ချက် ဖြန့်ချီ

ရန်ကုန် စက်တင်ဘာ ၉

၁၃၆၆ ခု၊ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် ရွတ်ဆိုပူဇော်ရမည့် အဘိဓမ္မာခုနစ်ကျမ်း ပါဠိတော်ကောက်နုတ်ချက်များ၊ မင်းကွန်းတိပိဋက ဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇသဒ္ဓမ္မဇောတိကဓဇ၊ ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံသမဟာထေရ် ရေးသားချီးမြှင့်သည့် အဘိဓမ္မာအခါတော်နေ့ ကျူးရင့်သံစာအုပ်များကို ဒုတိယအကြိမ်အဖြစ် ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းရှိ အဘိဓမ္မာ အသင်းခွဲများ၊ ဓမ္မစကြာနှင့် ဘာသာရေးအသင်းခွဲများသို့ ပေးပို့ပြီးဖြစ်ရာ သက်ဆိုင်ရာ မြို့နယ်ဆက်သွယ်ရေးစခန်း (စာတိုက်)များနှင့် ဆက်သွယ်ရယူကြပါရန် ဆူးလေစေတီတော် အဘိဓမ္မာပြန့်ပွားရေးအသင်းကြီးက နှိုးဆော်ထားကြောင်းသိရသည်။(က-ပ)

သင်္ဃန်းကျွန်းမြို့နယ် အထက (သုဝဏ္ဏ)၏ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဩဂုတ် ၂၈ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးထွန်းမင်းက တက္ကသိုလ်ဝင်စာမေးပွဲ ခြောက်ဘာသာဂုဏ်ထူးရှင် မောင်နေညီညီလွင်အား ထူးချွန်ဆုချီးမြှင့်စဉ်။ (၅၀၆)

စက်တင်ဘာ ၆ရက်က ကျင်းပသော အထက(၂) ပုဇွန်တောင်၏ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းလှရီက တက္ကသိုလ်ဝင်စာမေးပွဲ လေးဘာသာဂုဏ်ထူးရှင် မောင်စည်သူအောင်အား ဆုချီးမြှင့်စဉ်။ (က-ပ)

အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

ဦးအယ်လ်ဒူရေး[၁၂/မဂတ(နိုင်)၀၇၇၅၉၉]မှ ဦးလှမြင့် [အယ်လ်ပီအင်န်/၁၀၈၅၂၁]နှင့် ဒေါ်မူမူခင် [၇/သဝတ (နိုင်) ၀၇၅၂၈၃]တို့အား ၂-၇-၂၀၀၃နေ့တွင် လွှဲစာအမှတ်(၄၁၉၉)ဖြင့် ပေးအပ်ခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာအား ယနေ့မှစ၍ပြန်လည်ရုပ်သိမ်းကြောင်း အသိပေးအပ်ပါသည်။

ဦးအယ်လ်ဒူရေး [၁၂/မဂတ(နိုင်)၀၇၇၅၉၉]
အမှတ်(၂၇)၊ လမ်း ၁၃၀၊ မင်္ဂလာတောင်ညွန့်မြို့နယ်။

ဦးစိုးဝင်းအားရည်စူး၍ တောင်ဥက္ကလာပမြို့နယ် (၁၄/၃) ရပ်ကွက် သေနတ်ပစ်ကွင်းလမ်း အမှတ်(၁၅၁/၁)နေ ဒေါ်မြင့်မြင့် မိသားစုက ဥက္ကလာပစေတီတော် ဝိပဿနာတရားစခန်း နှစ်ထပ် ယောဂီဆောင် ဆောက်လုပ်ရန် ငွေကျပ် ၉၀၀၀၀၀ကို စက်တင်ဘာ ၈ ရက်က မဟာမုနိဓမ္မာရုံတွင် လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်သွင် လက်ခံယူစဉ်။ (၆၄)

ဗဟန်းမြို့နယ် ရွှေတောင်ကြား (၂)ရပ်ကွက် ကမ္ဘောဇလမ်း အမှတ် ၁၁(က/၁)နေ ဒုတိယဗိုလ်မှူးကြီး လှမြင့်(ငြိမ်း)ဒေါ်စန်းကြည်(ရွှေဆင်မင်း ရေခဲစက်)သားသမီးမြေးတစ်စုတို့က သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန် ငွေကျပ် ၄၀၀၀၀၀ ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်တင်ထံ ဩဂုတ် ၃၀ရက်က ပေးအပ်လှူဒါန်းစဉ်။ (က-ပ)



ကန်ထရိုက်တာ ဦးသိန်းအောင် [IGU-၀၃၀၉၅၄] နှင့် အများသိစေရန်

ကျွန်ုပ်၏ အမှုသည်များဖြစ်သော ဒေါ်သန်းနွဲ့ [CJ-၀၂၉၂၆၈]နှင့် ဒေါ်သိင်္ဂီဆွေ [SCG-၀၁၂၅၇၄]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း(တောင်)ရပ်ကွက်၊ ဝါးခယ်မလမ်း၊ အမှတ်(၆၄)၊ ၂၈-ဒီ၊ ကြည့်မြင်တိုင်အရှေ့မြောက်ရပ်ကွက်၊ အမှတ်(၁၇၅)၊ ၂၅ပေ X၅၀ပေ မြေကွက်နှင့် ပတ်သက်၍ ၁၂-၁၂-၉၆ ရက်စွဲပါ နှစ်ဦးသဘောတူ ကန်ထရိုက်စနစ်ဖြင့် (၆)ထပ်တိုက် ဆောက်လုပ်ခြင်း ကတိစာချုပ်ကို ချုပ်ဆိုခဲ့ကြပါသည်။ ထို့အပြင် ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ တရားရုံး တရားမကြီးမှုအမှတ် ၁၉/၉၈ဖြင့် ၁၂-၁၂-၉၆ စာချုပ်ပါပဋိညာဉ်အတိုင်း တိုက်ခန်းများကို ပြီးစီးအောင် ဆောင်ရွက်ခွင့်ကို ၉-၂-၂၀၀၀ ရက်နေ့၌ အမိန့်ဒီကရီရယူထားပြီးဖြစ်သော်လည်း ကန်ထရိုက်တာ ဦးသိန်းအောင်သည် စာချုပ်နှင့် ၉-၂-၂၀၀၀ ရက်နေ့က ရယူထားသည့် အမိန့်ဒီကရီတို့အရ စတင်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကိုလည်း ဆောင်ရွက်ခြင်းမရှိဘဲ ပျက်ကွက်နေသည့်အတွက် ကန်ထရိုက်တာ ဦးသိန်းအောင်၏ လုပ်ရပ်နှင့်စပ်လျဉ်း၍ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။ ကန်ထရိုက်တာ ဦးသိန်းအောင်နှင့် တိုက်ခန်းရောင်း၊ ဝယ်၊ အပေါင် ပြုလုပ်ထားသူများသည် ကန်ထရိုက်တာနှင့်သာ ရှင်းလင်းဆောင်ရွက်သွားကြရန်ဖြစ်ပြီး မြေပိုင်ရှင် ဒေါ်သန်းနွဲ့၊ ဒေါ်သိင်္ဂီဆွေတို့နှင့် လုံးဝ မသက်ဆိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးထွန်းအေးကြည်
တရားရုံးချုပ်ရှေ့နေ(စဉ်-၅၆၉၆)
၁၃၃/၁၃၁၊ လွတ်လပ်ရေးလမ်း၊ (ဃ)ရပ်ကွက်၊
သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

ကော့ကရိတ်မြို့ မိုးကုတ်တရားစခန်းပွဲ

ရန်ကုန် စက်တင်ဘာ ၉

ကရင်ပြည်နယ် ကော့ကရိတ်မြို့ လှိုင်ဝ မိုးကုတ်ဝိပဿနာ ချမ်းမြေ့ငြိမ်း ဓမ္မရိပ်သာကြီးတွင် ဆရာတော်ဦးသုခအား အမှူးထား၍ မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းကို ဝါခေါင်လကွယ်နေ့မှ တော်သလင်းလဆန်း၆ရက်အထိ ကျင်းပမည်ဖြစ်သည်။

ယင်းတရားစခန်းပွဲတွင် ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ကမ္မဋ္ဌာနာစရိယ အရှင်ဩဿ (တက္ကသီလ ဓမ္မာစရိယ B.A) အရှင်သူမြတ်နှင့် ဓမ္မကထိက ဆရာဦးသန့်ဇင် (အဖွဲ့ချုပ်)တို့က ဟောကြားမည်ဖြစ်သည်။ (က-ပ)

မွေးနေ့ဆုတောင်း

ချစ်သမီးလေး **လဲ့စန္ဒီညွန့်**၏ (၁၀-၉-၂၀၀၄) ရက်တွင် ကျရောက်သည့် (၁)နှစ်ပြည့်မွေးနေ့မှသည် နှောင်နှစ်ပေါင်း (၁၂၀)တိုင် ချစ်ဘိုးဘိုး၊ ဘွားဘွား၊ ချစ်ဖေဖေ၊ မေမေတို့နှင့်အတူ ထာဝရ ပျော်ရွှင်ချမ်းမြေ့ပြီး ထူးချွန်ထက်မြက်သော သမီးကောင်းရတနာလေး ဖြစ်ပါစေ။

ဖေဖေ ဦးဝင်းထွဋ်ညွန့်-မေမေ ဒေါ်စိုးစိုးမြင့်
ကြီးကြီး - ခိုင်၊ အန်တီလေး - နွေး





၂၀၀၄ ခုနှစ် ဒွိဒသမအကြိမ်(၁၂ ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အတီးပြိုင်ပွဲအတွက် ရွေးချယ်ထားသော သီချင်းများ

(ယမန်နေ့ကအဆက်)

မယ်ဒလင်ပြိုင်ပွဲ

၁။ ပညာရှင်အဆင့်
- (က) စိန်ကြောင်နီလာ (ပတ်ပျိုး)
- (ခ) ရဝိန်ဒေါင်းယာဉ်ပျံ (ပတ်ပျိုး)
- (ဂ) မန်းတောင်လက်ယာ (ယိုးဒယား)
- (ဃ) တောဟောဝန်လယ် (ယိုးဒယား)
- (င) ရွှန်းရွှန်းမြ (သီချင်းခံ)
- (စ) ထောင်ရောင်နေကသာ (သီချင်းခံ)
- (ဆ) မန္တလာဘုံ (ဘွဲ့)
- (ဇ) ရွှေနန်းအောင်ချာ (ကြိုး)

၂။ ဝါသနာရှင်အဆင့်
- (က) ညဉ့်သုံးယံခါ (ပတ်ပျိုး)
- (ခ) ဂန္ဓမာတောင် (ဘွဲ့)
- (ဂ) သိကြားသာသနာ (ခေတ်ဟောင်းကာလပေါ်)

၃။ အဆင့်မြင့်ပညာအဆင့်
- (က) ဟောဝန်မြိုင်လမ်း (ယိုးဒယား)
- (ခ) ဇေယျာအောင်ချာ (ကြိုး)
- (ဂ) သုဝဏ္ဏသျှံ (ကာလပေါ်)

၄။ အခြေခံပညာ(၁၅-၂၀)နှစ်အဆင့်
- (က) တောင်တောသာယာ (ယိုးဒယား)
- (ခ) မင်္ဂလာသီရိ (ဘွဲ့)
- (ဂ) ပါရမီတော် (ကာလပေါ်)

၅။ အခြေခံပညာ(၁၀-၁၅)နှစ်အဆင့်
- (က) တောနှင့်တောင်စွယ် (ယိုးဒယား)
- (ခ) မိုင်းရိပ်ကယ်တည် (ကြိုး)
- (ဂ) သာသနာ့ဒါယကာ (ကာလပေါ်)

၆။ အခြေခံပညာ(၅-၁၀)နှစ်အဆင့်
- (က) ဇေယျာမြို့ (ကြိုး)
- (ခ) စံရာတောင်ကျွန်း (ကြိုး)
- (ဂ) လုလင်ငယ်သွေး (ကာလပေါ်)

- (ဃ) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)
- (င) ထောင်ရောင်နေကသာ (သီချင်းခံ)
- (စ) မင်္ဂလာသီရိ (ဘွဲ့)
- (ဆ) ခိုင်ပန်းစုံမှုန်မာလာ (ယိုးဒယား)
- (ဇ) မန်းတောင်လက်ယာ (ယိုးဒယား)

၂။ ဝါသနာရှင်အဆင့်
- (က) ထူးမခြားနား (သီချင်းခံ)
- (ခ) ပန်းဟောဝန် (ယိုးဒယား)
- (ဂ) ဆုထူးရွှယ် (ကာလပေါ်)

၃။ အဆင့်မြင့်ပညာအဆင့်
- (က) မိုင်းရိပ်ကယ်တည် (ကြိုး)
- (ခ) ကန္တာတောခြေ (ယိုးဒယား)
- (ဂ) အန္တရာယ်ကင်း (ကာလပေါ်)

၄။ အခြေခံပညာ(၁၅-၂၀)နှစ်အဆင့်
- (က) ထောင်ရောင်နေ မှောင်မှောင်ခြေ (ကြိုး)
- (ခ) ဟောဝန်မြိုင်လမ်း (ယိုးဒယား)
- (ဂ) မိဘမေတ္တာ (ကာလပေါ်)

၅။ အခြေခံပညာ(၁၀-၁၅)နှစ်အဆင့်
- (က) လူမနော (ပတ်ပျိုး)
- (ခ) နှုန်းနှုန်းထောက်စား (ကြိုး)
- (ဂ) ရောင်တော်ဖွင့် (ကာလပေါ်)

၆။ အခြေခံပညာ(၅-၁၀)နှစ်အဆင့်
- (က) သာယာ (ကြိုး)
- (ခ) ဝေဘာဂီရိ (ကြိုး)
- (ဂ) ရွှေပဇ္ဇုန် (ကာလပေါ်)

ဂီတာပြိုင်ပွဲ

၁။ ပညာရှင်အဆင့်
- (က) ချစ်သမျှကို (ပတ်ပျိုး)
- (ခ) ရွှေပြည်တော်သည် (ပတ်ပျိုး)
- (ဂ) ဆယ်ဆယ်ရောင် (ဒိန်းသံ)

ဒုံမင်းပြိုင်ပွဲ

၁။ ပညာရှင်အဆင့်
- (က) ပပဝင်းဝင်း (ပတ်ပျိုး)
- (ခ) ရွှေပြည်တော်သည် (ပတ်ပျိုး)
- (ဂ) မြန်ချာမြေကို (ပတ်ပျိုး)
- (ဃ) လျှပ်ပန်းခွေနွဲ့ (ယိုးဒယား)
- (င) သာတင့်ဆုံး (ယိုးဒယား)
- (စ) မန်းတောင်လက်ယာ (ယိုးဒယား)
- (ဆ) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)
- (ဇ) မာရဝိဇယ (ဘွဲ့)

၂။ ဝါသနာရှင်အဆင့်
- (က) ညဉ့်သုံးယံခါ (ပတ်ပျိုး)
- (ခ) မင်္ဂလာသီရိ (ဘွဲ့)
- (ဂ) အောင်ခြင်းရှစ်ပါး (ကာလပေါ်)

၃။ အဆင့်မြင့်ပညာအဆင့်
- (က) ဇေယျာအောင်ချာ (ကြိုး)
- (ခ) တောနှင့်တောင်စွယ် (ယိုးဒယား)
- (ဂ) မင်္ဂလာတစ်ဆယ်နှစ်ပါး (ကာလပေါ်)

၄။ အခြေခံပညာ(၁၅-၂၀)နှစ်အဆင့်
- (က) မင်းလမ်းစပ်ကာ (ကြိုး)
- (ခ) တောင်တောသာယာ (ယိုးဒယား)
- (ဂ) ကျေးစေတမန် (ကာလပေါ်)

၅။ အခြေခံပညာ(၁၀-၁၅)နှစ်အဆင့်
- (က) အတိုင်းမသိမင်္ဂလာကျက်သရေ (ဘွဲ့)
- (ခ) ကျွန်းကျွန်းပိုင်သ (ကြိုး)
- (ဂ) ဖုတ်သွင်းရထား (ကာလပေါ်)

၆။ အခြေခံပညာ(၅-၁၀)နှစ်အဆင့်
- (က) ထံတျာတရှင် (ကြိုး)
- (ခ) သာယာ (ကြိုး)
- (ဂ) ရွှေပဇ္ဇုန် (ကာလပေါ်)

ဒွိဒသမအကြိမ် (၁၂ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရည်ရွယ်ချက်များ

(က) မိမိတို့ နိုင်ငံသူ၊ နိုင်ငံသားအားလုံးတွင် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန် ထက်မြက်မြင့်မားရေး။
(ခ) မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး။
(ဂ) မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကား ပြန့်ပွားရေး။
(ဃ) မြန်မာတို့၏ အမျိုးသားရေး စရိုက်လက္ခဏာများ ထိန်းသိမ်းရေး။
(င) လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရေး။
(စ) တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရေး။

စက်ရေတွင်းများ ထိန်းသိမ်းရေးသင်တန်းဖွင့်

ကျောက်ပန်းတောင်း ဩဂုတ် ၃၁

ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးစီမံချက်အရ ကျောက်ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့နယ်အတွင်းရှိ ကျေးရွာ စက်ရေတွင်းများ ပြုပြင်ထိန်းသိမ်းရေးအခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၀၄) ဖွင့်ပွဲကို ဩဂုတ် ၂၄ ရက်က ကျင်းပသည်။

ကျောက်ပန်းတောင်း တပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး တင်မောင်လတ်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ဝင်း၊ ခရိုင်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအောင်ဝင်းကြည်၊ ဌာနဆိုင်ရာများနှင့် ကျေးရွာ ၁၇ ရွာမှ သင်တန်းသား ၃၄ ဦးတက် ရောက်ကြသည်။

(မြို့နယ်စည်ပင်)

ကျိုက်လတ်မြို့နယ်၌ အဘိဓမ္မာသင်တန်းဖွင့်

ကျိုက်လတ် ဩဂုတ် ၃၁

ကျိုက်လတ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ အဘိဓမ္မာသင်တန်းကို ဩဂုတ် ၂၆ ရက်တွင် အသင်းရုံး၌ ဖွင့်လှစ်ခဲ့သည်။

အဘိဓမ္မာသင်တန်းဖွင့်ပွဲကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြဟန်၊ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးမြဝင်းအောင်၊ ဆရာတော် ဦးဇဝန၊ ပရဟိတဂေဟာမှ ဆရာလေး ဒေါ်ပညာဝတီနှင့် သင်တန်းနည်းပြ ဒေါက်တာဒေါ်ချယ်ရီလင်းတို့ တက်ရောက် ဖွင့်လှစ်ခဲ့သည်။

သင်တန်းသို့ သင်တန်းသား ၂၈ ဦးတက်ရောက်ကြပြီး သင်တန်းကာလ နှစ်လကြာ သင်ကြားပို့ချမည်ဖြစ်သည်။ (က-ပ)

သံဖြူဇရပ်၌ စပါးခင်းများအတွင်း ငါးမျိုးစုပေါင်းစိုက်ထည့်

သံဖြူဇရပ် ဩဂုတ် ၃၀

ငါးမျိုးပြုန်းတီးမှုကိုကာကွယ်ရန်နှင့် ငါးမျိုးများ ပြန့်ပွားရေး စီမံချက်အရ သံဖြူဇရပ်မြို့နယ် မြမာလာ ကျေးရွာ အုပ်စုရှိ စပါးစိုက်ခင်းများအတွင်းသို့ ငါးမျိုးများစိုက်ထည့်ခြင်း အခမ်းအနားကို ဩဂုတ် ၂၃ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။ငါးမျိုးများ စိုက်ထည့်ခြင်း အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်း၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးလှမင်းဇော်၊ ကျေးရွာဥက္ကဋ္ဌ ဦးစိုးမြင့်၊ ဌာနဆိုင်ရာများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များနှင့်တောင်သူလယ်သမားများ တက်ရောက်ကြသည်။

(မြို့နယ်ပြန်/ဆက်)

ရှင်းလင်း

ဩဂုတ် ၂၉ ရက်က သန်လျင်မြို့နယ်အတွင်းရေးမှူး ရဲကျော်သူကျင်သိန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးထွန်းမြိုင်၊ သူဌေးကွင်းကျေးရွာ ဥက္ကဋ္ဌနှင့်အဖွဲ့၊ မြို့နယ်စည်ပင် ဝန်ထမ်းများ၊ ကျေးရွာသူ၊ ကျေးရွာသားများ သူဌေးကွင်းကျေးရွာ သောက်သုံးရေကန်တွင်း ဒိုက်ပင်နှင့် ပေါင်းမြက်များ ရှင်းလင်းကြစဉ်။

(မြို့နယ်စည်ပင်)

ကွင်းဆင်းစစ်ဆေး

ကချင်ပြည်နယ် မိုးမောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယဦးစီးမှူး ဒေါ်ခင်ဌေးနှင့် အငယ်တန်း အင်ဂျင်နီယာ-၂ (မြို့ပြ) ဦးရဲမြင့်ထွန်းတို့ ဩဂုတ် ၂၄ ရက်က ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် မြို့ပတ်လမ်းခင်းရန် ကျောက်စုဆောင်းမှုနှင့် လမ်းခင်းမည့်အခြေအနေများကို ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မကွေးကောလိပ်စတုတ္ထအကြိမ်အာစရိယပူဇော်ပွဲ

၁၉၆၄-၁၉၇၆ မကွေးကောလိပ်ကျောင်းသား/သူများ၏ "စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲ"ကို မကွေးတက္ကသိုလ်တွင် ကျင်းပမည်ဖြစ်ရာ လိုက်ပါမည့်သူများ ဆက်သွယ်လှူဒါန်းရန်နှင့်ခရီးစရိတ်ငွေများကို "ဦးခင်မောင်ညွန့် ၀၁-၆၆၃၈၁၀၊ ဦးတင်မောင်သန်း ၀၉-၅၀၀-၃၈၉၉၊ ဦးတင်ထွန်း ၀၉-၅၀၁-၈၅၃၃၊ ဦးသိန်းတန် ၀၁-၂၄၄၁၀၅၊ ဒေါ်ကြည်ကြည်တင် ၀၉၉၉ ၂၅၃၄၄၊ ဒေါ်ခင်မာမာ ၀၁-၅၃၅၆၂၂၊ ဒေါ်မိမိနိုင် ၀၁-၆၄၀၈၆၈" တို့သို့ (၂၀-၉-၂၀၀၄) နောက်ဆုံးထား၍ ပေးသွင်းကြပါရန် ပန်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက်	◆ ၃-၁၀-၂၀၀၄ (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန်	◆ နံနက် (၉း၀၀) နာရီ
ကျင်းပမည့်နေရာ	◆ မကွေးတက္ကသိုလ်မှော်ရုံ၊ မကွေးမြို့
ရန်ကုန်မှထွက်ခွာမည့် နေ့ရက်နှင့်အချိန်	◆ ၁-၁၀-၂၀၀၄ (သောကြာနေ့) ညနေ ၆ နာရီတိတိ
စုရပ်နေရာ	◆ ကမာရွတ်မြို့နယ်၊ ရန်ကုန်တက္ကသိုလ်များမှော်ရုံ

ရာပြည့်စာအုပ်ဆိုင် (ရန်ကုန်)
(၅) နှစ်ပြည့် အထူးလျှော့ဈေးပွဲ

၁၃-၉-၂၀၀၄ မှ ၁၉-၉-၂၀၀၄ ထိ
နံနက် ၉ နာရီမှ ညနေ ၆ နာရီ အတွင်း
ရာပြည့်နှင့် ဖူးပွင့်စသောထုတ်ဝေသူထုတ်– ၁၅ %
အခြားထုတ်ဝေသူများ– ၅ % လျှော့မည်။
၃၁၆၊ မဟာဗန္ဓုလလမ်းနှင့် ၃၅ လမ်းထောင့်၊
ကျောက်တံတားမြို့နယ်။ ဖုန်း– ၂၅၂၇၉၈

YWCA

မုန့်ဖုတ်သင်တန်း–Bread, Patties, Plain Cake, Cookies, Marble Cake, Assorted Cake, Cream Roll, Hamburger
ပန်းအလှပြင်ဆင်နည်း–အခြေခံနှင့်အဆင့်မြင့်
နေ့ရက်–၂၀၀၄ခုနှစ်၊ စက်တင်ဘာလ(၂၇)ရက်မှ အောက်တိုဘာလ(၁)ရက်ထိ။
အချိန်– နံနက် ၈း၀၀နာရီမှ မွန်းတည့် ၁၂း၀၀နာရီ (မုန့်ဖုတ်သင်တန်း) မွန်းလွဲ ၁း၀၀နာရီမှ ၃း၀၀နာရီ (ပန်းသင်တန်း)
နေရာ– YWCA၊ ၁၁၉၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဆက်သွယ်ရန်ဖုန်း–၂၄၅၈၆၉။ သင်တန်းသူ/သားဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါ (Sealed Tender) များ ခေါ်ယူခြင်း

၁။မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေ (Kyats)ဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ (Sealed Tender)များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

စဉ်	ချိပ်ပိတ်တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	9(T)2/MR(CRA)	Offset Machine	1.No
	2004-2005	Numbering Machine	4 -Nos

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန် – ၂၃-၉-၂၀၀၄ (ကြာသပတေးနေ့) (၁၂း၀၀)နာရီ

၂။တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂၃-၈-၂၀၀၄ ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့်(၅၁)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၂၉၁၉၈၂၊ ၂၀၁၅၅၅–လိုင်းခွဲ–၆၀၂၊ ၆၀၅၊ ၆၁၂။

ထိမ်းမြားလက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးစေတီလမ်းနေ
ဒေါက်တာဦးတင်မောင်ထွေး(ရင်ခေါင်းခွဲစိတ်ကုဆရာဝန်ကြီး)–ဒေါက်တာဒေါ်ခင်လှဲ့ယု
တို့၏သားလတ်

မောင်ညီညီအောင်
B.A.Hons.Accounting and Finance (UK)
နှင့်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဓမ္မစေတီလမ်းနေ သံအမတ်ကြီးဦးညွန့်တင်(အတွင်းရေးမှူး၊ မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာရေးရာဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန)–ဒေါ်မေအောင်မြင့်တို့၏သမီးထွေး

မဇာခြည်တင်
M.B.A. Finance (University of Ottawa, Canada)

တို့သည် ၂၇-၈-၂၀၀၄ရက်တွင် လန်ဒန်မြို့၌ နှစ်ဖက်သောလူကြီးမိဘများနှင့် ဗြိတိန်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီးတို့၏ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးထိမ်းမြားလက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်မောင်ညီညီအောင်–မဇာခြည်တင်။

အမည်ပြောင်းခြင်း

အဘ ဦးခင်စိုး၏သမီးဖြစ်သူ မသွယ်သွယ်စိုး [၁၂/စခန(နိုင်) ၀၅၇၅၉၇]အား မဇင်ဝေတင့်ဟု ပြောင်းလဲခေါ်ပါရန်။

ဇင်ဝေတင့်။

အမည်ပြောင်းခြင်း

ဦးမျိုးလွင်ခိုင်၏ သားဖြစ်သူ အထက(၁) အင်းစိန်၊ VI-Bမှ မောင်ကျော်နန္ဒအား မောင်ဘုန်းမြတ်ကျော်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဘုန်းမြတ်ကျော်။

ကျေးဇူးဆပ်ပါမည်

ကျွန်မ ဒေါ်တင်တင်မြင့်၏ နိုင်ငံကူးလက်မှတ်စာအုပ် ၁၂၃၁၄၅ ပန်းဆိုးတန်းလမ်းတွင် ပျောက်ဆုံးသွားပါ၍ တွေ့ရှိက ပေးပို့ပါရန်။

ဒေါ်တင်တင်မြင့်
ဖုန်း–၂၈၅၀၉၄။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ရန်ကုန်နည်းပညာတက္ကသိုလ်
(၁၈)ကြိမ်မြောက် ရန်ကုန်နည်းပညာတက္ကသိုလ်
ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ (၂၀၀၃-၀၄)ပညာသင်နှစ်အတွက် ၂၀၀၄ခုနှစ် မတ်လနှင့်ဧပြီလအတွင်းက ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် ပြည်နည်းပညာတက္ကသိုလ်တို့တွင် ကျင်းပခဲ့သော အင်ဂျင်နီယာနှင့်ဗိသုကာဘွဲ့ရစာမေးပွဲအောင်မြင်သူများ၊ ဘွဲ့လွန်ဒီပလိုမာသင်တန်းများ၊ မဟာဒသသနတန်းများ၊ မဟာဘွဲ့တန်းများမှ ဘွဲ့ရရှိသူများနှင့် ပါရဂူဘွဲ့ရရှိသူများအတွက် ဘွဲ့နှင်းသဘင်ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပါမည်။

ကျင်းပမည့်နေ့ရက်	– ၂၀-၁၁-၂၀၀၄(စနေနေ့)
ကျင်းပမည့်နေရာ	– ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ
ကျင်းပမည့်အချိန်	– နံနက်(၉း၀၀)နာရီမှ မွန်းလွဲ(၁း၀၀)နာရီ
ဘွဲ့နှင်းသဘင်ကြေး	– ကျပ်၁၅၀၀/–(ကျပ်တစ်ထောင့်ငါးရာတိတိ) လျှောက်လွှာနှင့်အတူပေးသွင်းရန်
အဝေးရောက်ဘွဲ့ကြေး	–ကျပ်၁၀၀၀/–(ကျပ်တစ်ထောင်တိတိ)
အစမ်းလေ့ကျင့်ရက်	–၁၉-၁၁-၂၀၀၄(သောကြာနေ့) နံနက်(၉း၀၀)နာရီမှ မွန်းလွဲ(၁း၀၀)နာရီ
လျှောက်လွှာလက်ခံမည့်ရက်	– (၁၅-၉-၂၀၀၄)ရက်နေ့မှ (၁၅-၁၀-၂၀၀၄)ရက်နေ့အထိ (သတ်မှတ်လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။)

၂။ ဘွဲ့နှင်းသဘင်တက်ရောက်မည်(သို့မဟုတ်)အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။ ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟု လျှောက်လွှာတင်သွင်းပြီး တက်ရောက်ရန်ပျက်ကွက်ပါက ဘွဲ့လက်မှတ်ကို တစ်နှစ်အတွင်း ထုတ်ပေးမည်မဟုတ်ပါ။

မှတ်ချက်။ ။ အသေးစိတ်အချက်အလက်များ စုံစမ်းသိရှိလိုပါက ရန်ကုန်နည်းပညာတက္ကသိုလ်၊ ကျောင်းသားရေးရာဌာနတွင် စုံစမ်းနိုင်ပါသည်။

အမိန့်အရ– ဒေါက်တာအေးအေးစန်း
မော်ကွန်းထိန်းအဆင့်(၁)
ရန်ကုန်နည်းပညာတက္ကသိုလ်။

ဝန်ထမ်းအလိုရှိပါသည်
(ပြည်တွင်း၌သာခန့်ထားရန်)

စိန်ဝတ်မှုံကုမ္ပဏီလီမိတက်တွင် တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါဝန်ထမ်းများ အလိုရှိပါသည်။

Trainee Sales Representative **ကျား (၁၅) ဦး**

- အခြေခံပညာအဆင့်မြင့်တန်း အောင်မြင်ပြီးသူဖြစ်ရမည်။
- အသက်(၁၈–၂၈)နှစ်ကြားဖြစ်ရမည်။
- ယာဉ်မောင်းလိုင်စင်ရှိပြီး၊ မော်တော်ယာဉ်ကျွမ်းကျင်စွာမောင်းနှင်နိုင်သူဖြစ်ရမည်။
- မြန်မာနိုင်ငံ၏ မည်သည့်ဒေသတွင်မဆို သွားရောက်တာဝန် ထမ်းဆောင်နိုင်သူဖြစ်ရမည်။

လျှောက်ထားလိုသူများသည် ကြော်ငြာသည့်နေ့မှစ၍ ရက်သတ္တနှစ်ပတ်အတွင်း အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ဓာတ်ပုံတစ်ပုံ၊ အောင်လက်မှတ် Originalများ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်းထောက်ခံစာမူရင်း (လွန်ခဲ့သောတစ်လအတွင်းထောက်ခံချက်)များရယူ၍ လာရောက်လျှောက်ထားနိုင်ပါသည်။

စိန်ဝတ်မှုန်ကုမ္ပဏီလီမိတက်
အမှတ်(၁၅–၁၆)၊ ဗဟိုစည်အိမ်ရာ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာ ခန့်ထားရန်)

- မန်နေဂျာ – (၁)ဦး
- – (၅)ဦး

Purple Rose - Beauty Salon
ဖုန်း – ၂၈၂၃၈၉

ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်) နှင့် FOREVER GROUP

အနုပညာကွန်ပျူတာ ဒီပလိုမာသင်တန်း
DIPLOMA IN COMPUTER ARTS (DIP.CA)

လျှောက်လွှာခေါ်ယူခြင်း

၂။ သင်တန်းများ

Specialized in "Character Animation & Advanced Media"

Level 1. Graphic Production for Exporting any Media	(၂) လ
Level 2. Video/Audio Production, Motion Graphics & Visual Effects	(၄) လ
Level 3. Character Animation & Advanced Media	(၄) လ

Specialized in "Multimedia & Infocom Technology"

Level 1. Graphic Production for Exporting any Media	(၂) လ
Level 2. Rich Media Content Creation, Interactive TV & Streaming Video	(၄) လ
Level 3. Multimedia & Information Communication Technology	(၄) လ

Forever Group Co., Ltd.

... Broadcast Studio ... GlobeCaster All in One Studio Solution ... Bagan Cybertech ... Broadband Internet/Intranet Facilities ... Adobe ... Design Solution "Adobe Creative Suite" ... Web Designer ... Rich Media Content Creator ... Multimedia ... Multimedia Developer ... Information Age ... On Job Training ...

ရွှေတိဂုံဘုရားအနီး... ကန်တော်မင်္ဂလာလမ်းခြံအတွင်းရှိ..
HAPPY WORLD အမှတ်(၁) ၏
(၁၀)နှစ်ပြည့်ပျော်ပွဲရွှင်ပွဲ
အထူးအစီအစဉ်အဖြစ် (၁၀၊၁၁၊၁၂)ရက်နေ့များတွင် **စင်္ကြံအစမဲ့**
နှင့်အတူ မိတ်ဆွေအိတ်ထဲမှာ ငွေ(၅၀၀)ကျပ်ထည့်လာရုံနဲ့
ကစားနည်းမျိုးစုံကို တစ်ကြိမ်ဆော့ကစားပြီး
ပျော်ရွှင်ကြဖို့ ဖိတ်ခေါ်လိုက်ရပါတယ်။

REAL JOY
HIACE, TOWNACE, SALOON
ဖုန်း 09-5[illegible], 294089, 282870

ကားရောင်းမည်
SE စလွန်းကား နှစ်စီး
84 မော်ဒယ်၊ ဒ/ပ Toyota
ဖုန်း–၅၂၅၆၄၇။

အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီအုပ်စုလီမိတက် NDCG ၏
နှစ်ပတ်လည်အထွေထွေအစည်းအဝေးကျင်းပမည့်ရက်ကြေညာခြင်း။

အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီအုပ်စုလီမိတက် ၏ **ဆဋ္ဌမအကြိမ်မြောက်နှစ်ပတ်လည်အထွေထွေအစည်းအဝေးကြီး** ကို ၂၀၀၄ခုနှစ် စက်တင်ဘာလနောက်ဆုံးပတ်ခန့်တွင်ကျင်းပပြုလုပ်ရန်စီစဉ်လျက်ရှိပါကြောင်း နှင့်ယင်းအစည်းအဝေးကြီးပြီးသည်နှင့်ယမန်နှစ်ကဲ့သို့ပင် အစုပေါ်အမြတ်ငွေများကိုဆက်လက်ခွဲဝေထုတ်ပေးသွားမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

အစည်းအဝေးကျင်းပမည့်နေရာ၊ နေ့ရက်နှင့်အချိန်အတိအကျကို ထပ်မံကြေညာအသိပေးမည်ဖြစ်ပါသည်။

ဒါရိုက်တာအဖွဲ့

ရွှေပန်းရိုး
ခိုးရှောတာဆရာကျောင်းသင်တန်း
"ရွှေလယ်ရင်ရွှေပါးမှ စိတ်ချရတယ်"

ပျော်ရည်နှင့် ယိုမျိုးစုံ သင်တန်း
သင်တန်းရက် (14-9-2004) မှ (20-9-2004)
သစ်သီးဖျော်ရည် Energy Drink၊ ယို၊ ဆော့စ်
01-690264

ဆူးစာပေ
လူပန်းငယ်
အလင်းပြုညများ

ASIA TECH COMPUTER CENTRE
No-64, Shwe Taung Tan St., Lanmadaw Tsp., Yangon.
☎ : 224 864 , 706 696
Programming Courses
Turbo C & C++ • Visual Basic • 6.0 JAVA
Software
Graphic Design Courses

အလိုရှိသည်
(ပြည်တွင်း၌သာ ခန့်ထားရန်)

အမှတ် ၂၊ ... (၂)၊ ... ရန်ကုန်မြို့။

အများသိစေရန်ကြေညာခြင်း
ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ (၄)ရပ်ကွက်၊ ဘုရင့်နောင်တာဝါ(၁)အေ၊ ၁၀–ထပ်တိုက်၊ (၈)ခန်းတွဲ အဆောက်အအုံ၊ အခန်းအမှတ်(၀၂၁)၊ (ဒု)ထပ်ကို ဦးသိန်းနိုင် [၁၂/အစန(နိုင်)၁၅၉၉၅၅]ထံမှ ဝယ်ယူရန်စရန်ငွေပေးထားပြီးဖြစ်၍ ခုနစ်ရက်အတွင်း အထောက်အထားဖြင့် ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးအောင်ကျော်ဟန် B.A (Law), LL.B
တရားရုံးချုပ်ရှေ့နေ
တိုက်(၁၂/၁၈)၊ ဖဆပလရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

အသိပေးအကြောင်းကြားခြင်း
ကံ့ကော်ရိပ်စားသောက်ဆိုင်တွင် တာဝန်ထမ်းဆောင်နေသော စိန်ဝင်း [၉/တသန(နိုင်)၀၃၆၂၉၉]သည် ဆိုင်မှယုံကြည်မှုအရ အပ်နှံထားသော ငွေကျပ်ကိုးသိန်းကို အလွဲသုံးစားပြုလုပ်ပြီး ထွက်ပြေးတိမ်းရှောင်နေပါသဖြင့် ယနေ့ကြေညာသည့်နေ့မှစ၍ (ခုနစ်)ရက်အတွင်း လာရောက်၍ ရှင်းလင်းပေးပါရန် ပျက်ကွက်ခဲ့ပါက တရားဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားပါသည်။

ကံ့ကော်ရိပ်စားသောက်ဆိုင်
မင်းခေမ္မလမ်း။

မိုဟာမက်ဟာမိမ်း(ခ)မောင်ကြည်လင်း [၁၀/ကမရ(နိုင်)၀၇၂၄၇၂]နှင့်အများသိစေရန်
ကျွန်ုပ်၏အမှုသည်ဖြစ်သူ မာဂျေဒါဘီ(ခ)မခင်ဆွေသန်း [၁၂/ပဘတ(နိုင်)၀၂၈၁၇၆] အမှတ်(၁၆၃)၊ လမ်း ၃၀၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည်ဖြစ်သူ မာဂျေဒါဘီ(ခ)မခင်ဆွေသန်းသည် မိုဟာမက်ဟာမိမ်း(ခ)မောင်ကြည်လင်းနှင့် ၅–၁၀–၂၀၀၁ရက်နေ့တွင် အစ္စလာမ်တရားတော်အရ လက်ထပ်ထိမ်းမြားကာ လင်မယားပေါင်းသင်းနေထိုင်စဉ်အတွင်း မောင်ကြည်လင်းမှ မခင်ဆွေသန်းအပေါ် စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်စေရန် အမျိုးမျိုးညှဉ်းပမ်းခဲ့သဖြင့် မခင်ဆွေသန်းမှာ မိဘများအိမ်သို့ ပြန်ရောက်နေထိုင်လျက် ဆေးဝါးကုသမှုခံယူခဲ့ရပါသည်။ မခင်ဆွေသန်း ၎င်း၏မိဘများအိမ်သို့ ပြန်ရောက်နေထိုင်ခဲ့သော ၂၀၀၂ခုနှစ်၊ ဧပြီလမှစ၍ ယနေ့အထိ မယားစရိတ်ပေးကမ်းထောက်ပံ့ရန် အကြောင်းမဲ့ပျက်ကွက်ခြင်း၊ ဇနီးဖြစ်သူအပေါ် အဆက်အသွယ်လုံးဝမပြုလုပ်ခြင်းတို့ကြောင့် အစ္စလာမ်တရားဥပဒေ ဓမ္မသတ်ဆုံးဖြတ်ချက်အရ လင်ခန်း၊ မယားခန်းပြတ်စဲသွားပြီးဖြစ်ရာ နောက်နောင် မာဂျေဒါဘီ (ခ) မခင်ဆွေသန်း၏ ဂုဏ်သိက္ခာထိခိုက်စေသည့် မည်သည့်ပြုမူဆောင်ရွက်ချက်ကိုမဆို ပြုမူဆောင်ရွက်လာပါက တည်ဆဲတရားဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မိုဟာမက်ဟာမိမ်း(ခ)မောင်ကြည်လင်းသိစေရန် သတိပေးကြေညာအပ်ပါသည်။

မာဂျေဒါဘီ(ခ)မခင်ဆွေသန်း၏လွှဲအပ်ညွှန်ကြားချက်အရ–
ဦးမျိုးမြင့်အောင် LL.B အထက်တန်းရှေ့နေ (စဥ်–၂၂၀၃၈)
(ရုံး)အမှတ်–၅၀၊ (ပ–ထပ်)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း–၃၇၀၈၃၁။

ပြည်တွင်း၌သာမြန်မာကျပ်ငွေဖြင့်ခန့်ထားရန်
၁။ ယာဉ်မောင်း (၈)တန်း ကျား (၅) ဦး
ကြော်ငြာပါသည့်နေ့မှစ၍ (၁)ပတ်အတွင်း အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့်အတူ လျှောက်ထားနိုင်ပါသည်။

အမှတ်–၁၁၅–က၊ လမ်း ၂၀၊ လသာမြို့နယ်။

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)(မြန်မာကျပ်ငွေဖြင့်ပေးမည်)
ပြည်တွင်း၌ ထုတ်လုပ်သော စားသောက်ကုန်ပစ္စည်းများ ရောင်းချရန်အတွက် အောက်ပါဝန်ထမ်းများအလိုရှိပါသည်။

(၁) Sales Supervisor ကျား (၁) ဦး
(၂) Sales & Drive ကျား (၃) ဦး
(၃) Salesmen ကျား၊ မ (၃) ဦး

အမှတ်စဉ်(၁)အတွက် တက္ကသိုလ်မှဘွဲ့ရရှိပြီး အသက်(၂၅)နှစ်မှ (၃၅)နှစ်အတွင်းဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၂)နှစ်ရှိ၍ နေရာဒေသမရွေး ခရီးသွားလာနိုင်သူဖြစ်ရမည်။

အမှတ်စဉ်(၂)အတွက် ပညာအရည်အချင်း အနည်းဆုံး(၁၀)တန်းအောင်မြင်ပြီး၍ သက်တမ်းရှိယာဉ်မောင်း(ခ)လိုင်စင်နှင့် ယာဉ်မောင်းအတွေ့အကြုံ အနည်းဆုံး(၂)နှစ်ရှိရမည်။ အသက်(၃၀)နှစ်အတွင်းဖြစ်ပြီး လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၁)နှစ်ရှိ၍ နေရာဒေသမရွေး ခရီးသွားလာနိုင်သူဖြစ်ရမည်။

အမှတ်စဉ်(၃)အတွက် ပညာအရည်အချင်း အနည်းဆုံး(၁၀)တန်းအောင်မြင်ပြီး အသက်(၃၀)နှစ်အတွင်းဖြစ်၍ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၁)နှစ်ရှိပြီး နေရာဒေသမရွေး ခရီးသွားလာနိုင်သူဖြစ်ရမည်။

စာတိုက်သေတ္တာအမှတ်(၆၉၃)သို့ ကြော်ငြာပါသည့်နေ့မှစ၍ တစ်ပတ်အတွင်း လျှောက်ထားနိုင်သည်။ လျှောက်လွှာတွင် ဓာတ်ပုံ(၂)ပုံ၊ အလုပ်သမား(လေဘာ)၊ မှတ်ပုံတင်မိတ္တူ၊ ပညာရေးအထောက်အထားများ၊ ရဲစခန်းထောက်ခံစာနှင့်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီထောက်ခံစာများပါရှိရမည်။

Yan Aung
☎ 256790, 380291

ယုဇနဥယျာဉ်ရှိ တိုက်ခန်းများ
ရောင်း၊ ဝယ်၊ ငှားရမ်းလိုပါက
အမြန်ဆက်သွယ်ပါ။
ဖုန်း –၅၉၃၂၀၄။

ဘော့စ်ရီဂေနာ ဆေးလိပ်ပင်ရောင်းချပေးသူများ
■ ဘော့စ်ရီဂေနာ ဆေးလိပ်ပင် ဘူးခွံ
အဖုံး တစ်ခုကို
100/- နှုန်းဖြင့်
၁၅–၉–၂၀၀၄ နေ့
နောက်ဆုံးလဲလှယ်ကြပါရန်
အသိပေးအပ်ပါသည်။

ရွှေဂုံ
Starring: MEL GIBSON
SOPHIE MARCEAU
ပွဲချိန်သတ်မှတ်ပြ
၁၁ : ၀၀ နာရီ
၂ : ၁၅ နာရီ
၅ : ၃၀ နာရီ
၈ : ၄၅ နာရီ

လိပ်ခေါင်း၊ဂရင်ဂျီနာ စအိုနာ၊ အကျိတ်ဖြစ်သူများ
(ဤကြော်ငြာကို ဖတ်ဖြစ်အောင်ဖတ်ပါ) ဖုန်း –၂၄၈၀၆၄
သမားတော်ကြီး ဝိဇ္ဇာ၊ လိပ်ခေါင်း၊ဂရင်ဂျီနာ အထူးကု
စအိုနှင့်စအိုပတ်ဝန်းကျင်တွင် ဖြစ်သောအောက်ပါရောဂါများ အမြန်စမ်းသပ်ခံယူပါ။ ရောဂါရင့်က **(စအိုပိတ်၍ စအိုကင်ဆာဖြစ်မည်။ စအိုပိတ်ကအသက်အန္တရာယ်ရှိသည်။)** လိပ်ခေါင်းအတွင်းအပြင်ထွက် စအိုနာ၊ ဝမ်းသွားခက်၊ စအိုဝတစ်ဆို့၊ ပူစပ်၊ စအိုကျုံပြီး အပြင်စူထွက်၊ ဝမ်းသွားမရ၊ စအိုဝအသားပိုထွက်၊ စအိုဝ အဖုအသီး၊ ဂရင်ဂျီနာ၊ သွေးပြည်ထွက်၊ စအိုကျဉ်း၊ စအိုပိတ်**(မခွဲမဖြတ်၊မနာ၊ မပူမစပ်)**ကုသပေးမည်။ အဖုအကျိတ်တွေ့က အမြန်စမ်းသပ်ခံယူပါ။ ရောဂါရင့်က အသက်အန္တရာယ်ရှိသည်။ ဝါရင့်ဆရာမ ရှိသည်။ အကျိတ်မျိုးစုံ **(မခွဲမဖြတ်ကုသပေးမည်။)**
ပင်မဝိဇ္ဇာ –အမှတ် ၂၇၃၊ ရွှေဘုံသာ အလယ်လမ်း၊ နေဇာ ဆေးခန်းအပေါ်ထပ်၊ ရန်ကုန် (တနေ့ကုန်ဖွင့်သည်။)
ပင်မဝိဇ္ဇာ –အမှတ် ၃၃၈၊ ရွှေဘုံသာ အထက်လမ်း၊ အေးရိပ်သာ နှင့်ကပ်လျက်၊ မာ လင်မျက်မှန်ဆိုင် ရန်ကုန်

Honey Moon
မြို့တွင်း/ပြင်
လချုပ်ကားမျိုးစုံငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။
Ph:240832, 287129, 095018867။

ကန့်ကွက်နိုင်ပါသည်
